Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းသားစာအုပ်



Source: VSO Image library

# သင်ရိုးပိုင်း ၆

# ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

# သင်ရိုးပိုင်း ၆။ ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ဆဋ္ဌမပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ/သားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| **၆** | **ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း** |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

ဤသင်ရိုးပိုင်းသည် ထိရောက်စွာမေးခွန်းမေးခြင်းနှင့်ပြန်လည်သုံးသပ်မှုပေးခြင်းတို့၏ သက်ရောက်ပုံကို တွေးတောရာတွင် အထောက်အကူပြုပါသည်။ မေးခွန်းမေးနည်းအမျိုးမျိုးသုံးခြင်း၏ အကျိုးကျေးဇူးများ၊ သင်ယူသူများ မိမိတို့၏စွမ်းဆောင်မှုနှင့် တိုးတက်မှုအကြောင်း မှန်ကန်သည့်အကြောင်းအချက်များကို ချိန်ခါမလင့်ရစေမည့် တုံ့ပြန်ဖြေကြားမှုပေးပုံစံပြုပုံစံများကို စူးစမ်းလေ့လာကြပါမည်။

စဉ်းစားဆင်ခြင်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်တွင် မှတ်တမ်းတင်စေမည် ဖြစ်သောကြောင့် မှတ်စုကောင်းကောင်းရေးပြီး မိမိ၏ လက်ရှိနှင့် အနာဂတ်အလေ့အကျင့်အကြောင်း စေ့စေ့စပ်စပ်၊ နက်နက်နဲနဲတွေးတောရန် အရေးကြီးပါသည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

ဤ ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး(CPD)သင်ရိုးသည် သင်နှင့်လုပ်ဖော်ကိုင်ဖက်များအကြား လုပ်ငန်းတူအုပ်စုများ ဖော်ဆောင်ရန်လည်းအားပေးပါသည်။ မိမိသင်ကြားရေးတွင် အားလုံးအကျုံးဝင်သည့်အလေ့အကျင့်များ အသုံးပြုမှုကို ပံ့ပိုးပေးကာ ပိုမိုကျယ်ပြန့်စေမည်ဖြစ်ပြီး ဆရာအတတ်သင်ကျောင်းသူ/သားများ၏ သင်ယူမှုနှင့် အနာဂတ်လုပ်ငန်းခွင် အလေ့အကျင့်အတွက် အားလုံးအကျုံးဝင်မှုကို အခြေပြု တည်ဆောက်စေနိုင်မည်ဖြစ်ပါသည်။

## သင်ယူမှုဂျာနယ်

သင်ရိုးပိုင်းတစ်လျှောက် မိမိ၏ ပြန်လည်သုံးသပ်ချက်များကို သင်ယူမှုဂျာနယ်အတွင်း ရေးမှတ်ထားလျှင် အသုံးဝင်နိုင်ပါသည်။

သင်ယူမှုဂျာနယ်သည် ဒစ်ဂျစ်တယ် (ဥပမာ Word သို့ Google Docs)သော်လည်းကောင်း၊ စာရွက်အပေါ်သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ မိမိအတွေးများကိုသူတစ်ပါးနှင့်ဝေမျှလိုလျှင် ဂျာနယ်စာမျက်နှာများကိုဓာတ်ပုံရိုက်နိုင်ပါသေးသည်။ စိတ်ကူးများ၊ အတွေးအမြင်များကို နောင်လုပ်ဆောင်ချက်များနှင့် မိမိ၏သင်ကြားရေးတွင် သုံးနိုင်သောကြောင့် မှတ်တမ်းတင်ထားရန် အရေးကြီးပါသည်။



အောက်ပါတို့သည် သင်ယူမှုဂျာနယ်ကောင်းတစ်ခုအတွက်အသုံးဝင်မည့် အကြံပြုချက်အချို့ဖြစ်ပါသည်။

- ဂျာနယ်တွင်းရေးသွင်းသမျှ ခေါင်းစဉ်နှင့် ရက်စွဲထည့်ပါ။
- လုပ်ဆောင်ချက်နှင့် ဆက်စပ်သည့် ဆင်ခြင်သုံးသပ်မှုများအတွက် သက်ဆိုင်ရာလုပ်ဆောင်ချက်နံပါတ်ကို သုံးပါ။ ဥပမာ  လုပ်ဆောင်ချက် ၁.၁။
- အထောက်အကူဖြစ်သည့် အခြားမည်သည့် အရင်းအမြစ်ကိုမဆို ရည်ညွှန်းပါ။
- လုပ်ဆောင်ချက်အဖြေကို မှတ်သားပါ။
- မိမိ၏သင်ယူမှုအကြောင်း သုံးသပ်ချက်ရေးပါ။
- ဝေါဟာရအသစ်များကို ရေးမှတ်ပါ။
- ဆက်လက်လေ့လာလိုသော အကြောင်းအရာများကို ဖော်ထုတ်ပါ။

Source: Rose, N. (2018) Personal Learning Journals

မိမိအသုံးပြုရလွယ်ကူရန်အရေးကြီးပါသည်။ အောက်ပါလွယ်လွယ်ရှင်းရှင်းမေးခွန်းများကို ဖြေကြားသည့် မှတ်စုများ ရေးနိုင်သည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by:

ဒီနေ့ဘာလေ့လာခဲ့သလဲ။

မိမိအလုပ်မှာ ဘယ်လိုသုံးနိုင်မလဲ။

လွယ်ကူသလား။ ခက်ခဲသလား။ ဘာကြောင့်လဲ။

မိမိ/မိမိကျောင်းသူ/သားများကို ဘယ်လိုကူညီနိုင်မလဲ။

ဒီခေါင်းစဉ်အကြောင်း ဘာလေ့လာဖို့ လိုသေးသလဲ။

ဤမေးခွန်းများသည် တစ်ကမ္ဘာလုံးတွင် အသုံးပြုသည့် သင်ယူ/အသုံးချ/သုံးသပ် (learn, apply, reflect) စံပြုပုံစံကို ကျင့်သုံးကြောင်း တွေ့နိုင်ပါသည်။ CPD ခရီးနှင်ရင်း ဂျာနယ်ကိုပြန်ကြည့်ပြီး တိုးတက်မှုကို ပြန်လည်သုံးသပ်နိုင်ပါသည်။

## လေ့လာနည်းအကြံပြုချက်

ယူနစ်တစ်ခုလုံး တစ်ကြိမ်တည်းအကုန်ပြီးအောင် လုပ်မည့်အစား လုပ်ဆောင်ချက်များကို အချိန်ယူလုပ်ပါ။ အချိန်ဇယားတစ်ခု ဆွဲပြီး အချိန်တစ်ခုရွေးချယ်ကာ လုပ်ဆောင်ဖွယ်များလုပ်ပါ။ ထို့နောက် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ပြီး စစ်ဆေးပါ။ နောက်ဆုံး လုပ်ရင်းကိုင်ရင်း သင်ယူမှုဂျာနယ်တွင် မှတ်စုကို မှတ်မှတ်ရရရေးပါ။ ယူနစ်များပြီးအောင်လုပ်ရင်း မိမိတွင် ဖွံ့ဖြိုးလာသည့် ကျွမ်းကျင်မှုနှင့်အသိပညာများကို ပိုမိုမှတ်မိရန် အထောက်အကူပြုပါလိမ့်မည်။

## တစ်ဦးချင်း (သို့) လုပ်ငန်းဖော်များနှင့်လုပ်ကိုင်ခြင်း

ဤယူနစ်ကို ကိုယ်တိုင်လေ့လာနိုင်ရန် (သို့) ဆရာမှဦးဆောင်ရန်  ပုံစံချမှတ်ထားပါသည်။ အဖြေကို လုပ်ဆောင်ချက်အဆုံးတွင် တွေ့နိုင်ပါသည်။ သို့ရာတွင် အတွေးအမြင်နှီးနှောရန်၊ မေးခွန်းမေးရန်၊ မိမိလုပ်ထားသည်ကိုစစ်ဆေးရန်နှင့် သုံးသပ်ချက်ပေးရန် ဖြစ်နိုင်လျှင် **နှစ်ယောက်တွဲ သို့မဟုတ် အုပ်စုဖွဲ့**လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။

အုပ်စုဖွဲ့လုပ်ဆောင်လျှင် 'Think, pair, share'နည်းကို သုံးရန်အကြံပြုအပ်ပါသည်။




တစ်ဦးချင်း မိမိအတွေးအမြင်များကို မှတ်စုတိုရေးပါ။

အတန်းဖော်တစ်ဦးနှင့် အဖြေတိုက်ပါ။

မိမိအတွေးအမြင်များကို အုပ်စုဖွဲ့ ဆွေးနွေးကာ နောက်စာမျက်နှာတွင် အဖြေ အတူတူတိုက်ကြရန်

Implemented by:

Funded by: UKaid



## သင်ရိုးပိုင်း ၆ သင်ယူမှုရလဒ်များ

| |
|---|
| **ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။** |
| **၁. အပိတ်/အဖွင့်မေးခွန်းများကို ဖော်ထုတ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း** |
| **၂. ကွဲပြားအောင်ခွဲခြားမေးမြန်းမှုအသုံးပြုပုံရှင်းပြခြင်း** |
| **၃. ထိထိရောက်ရောက်တုံ့ပြန်ဖြေကြားမှုအကြောင်း အခြေခံအချက်များဖော်ထုတ်ခြင်း** |
| **၄. ထိထိရောက်ရောက်တုံ့ပြန်ဖြေကြားမှု၏ အကျိုးကျေးဇူးများကို ဖော်ပြခြင်း** |

## ၁. နိဒါန်း

ပြီးခဲ့သည့်သင်ရိုးပိုင်း ၅ တွင် အပြုသဘောဆောင်သင်ယူမှုဝန်းကျင်၊ ၎င်းကို သင်ယူသူများအတွက် ဆရာ/မများက ဖန်တီးပေးရန် တာဝန်ရှိပုံကို အာရုံစိုက်လေ့လာခဲ့ပြီ။ ကျောင်းသူ/သားများနှင့် ဆက်ဆံရေး၊ အပြန်အလှန် ဆက်ဆံမှု၊ ထိုမှတစ်ဆင့် ရှိသည့်နေရာ၊ အသားကျနေသည့် ပုံမှန်လုပ်ငန်းများကို သေသေချာချာ စဉ်းစားခြင်းတို့ အားလုံးရောစပ်ပြီး ကျောင်းသူ/သားများသည် သင်ယူမှုဝန်းကျင်တွင် ဘေးကင်းလုံခြုံမှုကို ခံစားနိုင်ကြောင်းကို ကြည့်ရှုခဲ့သည်။

ဤဆဋ္ဌမသင်ရိုးပိုင်းမှ **ထိရောက်စွာမေးခွန်းမေးနည်းများ**နှင့် **လျော်ကန်သည့်တုံ့ပြန်ဖြေကြား**မှုကို ဖော်ဆောင်ပေးပါမည်။ စူးစမ်းတတ်သည့် ယဉ်ကျေးမှုတစ်ရပ်ကို ဖန်တီးခြင်းဖြင့် သင်ယူသူများ၏ စိတ်ပါဝင်စားမှုကို အထောက်အကူပြုကြောင်း လေ့လာမည်ဖြစ်ပြီး တုံ့ပြန်ဖြေကြားမှုစံပြပုံစံအမျိုးမျိုး၏ သက်ရောက်မှုအကြောင်းကို စူးစမ်းလေ့လာကြပါမည်။ မိမိနှင့် မိမိတပည့်များအတွက် အထိရောက်ဆုံးဖြစ်စေရန် စိတ်ချလက်ချ စီစဉ်ဆုံးဖြတ်စေနိုင်ပါမည်။

ဤစံပြပုံစံသည် **လက်တွေ့လုပ်ဆောင်မှုသုတေသန**အတွက် စိတ်ကူးများနှင့် ၎င်းသုတေသနသည် မိမိ၏သင်ကြားရေးအလေ့အကျင့်ကို မည်သို့အထောက်အကူပြုနိုင်ပုံကိုလည်း မိတ်ဆက်ပေးပါမည်။ အားလုံးအကျုံးဝင်ပညာရေးအတွက် သုတေသနကို စတင်ပုံနှင့် ဆက်လက်ပြုလုပ်နိုင်ပုံများကို ဥပမာများ၊ လမ်းညွှန်မှုများဖြင့် ပေးထားပါသည်။

အောက်ပါတို့ကို သင် လုပ်ဆောင်ရပါမည်။

- ✓ 'သင်ယူသူဗဟိုပြုချဉ်းကပ်မှု'နှင့် ထိရောက်သောအုပ်စုဖွဲ့လုပ်ဆောင်ချက်အကြောင်း ဖတ်ရှုခြင်း
- ✓ ဗီဒီယိုကြည့်ပြီး ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း
- ✓ လုပ်ဆောင်ချက်များကို တစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အုပ်စုငယ်ဖွဲ့ လုပ်ဆောင်ခြင်း
- ✓ အဓိကမေးခွန်းများကို စဉ်းစားခြင်း
- ✓ သင်ရိုးပိုင်းအဆုံးသတ်ပဟေဠိ ဖြေဆိုခြင်း
- ✓ မိမိအတွေ့အကြုံနှင့်အသိပညာကို ပြန်လည်သုံးသပ်ခြင်း
- ✓ တပည့်များအား ကတိပေးခြင်း

ဤသင်ရိုးပိုင်း**ပြီးအောင်လုပ်ရန် ၈ နာရီနီးပါး** ကြာမြင့်ပါမည်။ ပျော်ရွှင်ဖွယ်သင်ယူမှုအတွေ့အကြုံရစေရန် အချိန်ယူလုပ်ဆောင်ပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by:

## သင်္ကေတအညွှန်း

| | |
|---|---|
| A | **လုပ်ဆောင်ချက် (Activity) – ပြီးအောင်လုပ်ရမည့်အလုပ်ဖြစ်သည်** |
| Q | **မေးခွန်း (Question/s)** – မေးခွန်းများဖြေဆိုပါ |
| R | **ပြန်လည်သုံးသပ်ချက် (Reflection)** – မိမိ မည်သို့ခံစားရကြောင်း စေ့စေ့စပ်စပ်တွေးပါ |
| LJ | **သင်ယူမှုဂျာနယ် (Learning Journal)** – သင့်အဖြေကို သင်ယူမှုဂျာနယ်တွင်ရေးပါ |
|  | **ဖတ်ပါ (Read)** – ပေးထားသည့်စာကိုဖတ်ပါ။ မှတ်စုရေးလိုကရေးပါ။ |

### ၁.၂ ယခင်သင်ယူမှုနှင့်အချိတ်အဆက် - အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးမှု၊ ထိထိရောက်ရောက်မေးမြန်းခြင်းနှင့်တုံ့ပြန်ဖြေကြားခြင်းတို့ကို အသုံးပြုခြင်း

A

သင်ရိုးပိုင်း ၅ ရှိ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးမှု လုပ်ဆောင်ချက်များကိုပြန်တွေးပါ။ အောက်ပါအဆိုများအနက် မည်သည်တို့က ထိရောက်သည့် နည်းလမ်းဖြစ်ကြောင်း **ဆုံးဖြတ်**ပြီး သဘောတူလျှင် နံဘေးတွင် **အမှန်ခြစ်**ပါ။ အကူအညီလိုလျှင် သင်ရိုးပိုင်း ၅ ကို ပြန်ကြည့်ပြီး အဓိကဗျူဟာများကို ပြန်နွှေးပါ။

Implemented by:

Funded by: UKaid

Towards Results in Education & English

**အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ကို ဆရာ/မတို့မည်ကဲ့သို့ဖန်တီးပါသနည်း။**

| | | ✓ |
|---|---|---|
| ၁. | သင်ယူသူများ အမှားလုပ်ရန် စိတ်လုံခြုံစေသည်။ | |
| ၂. | ပတ်ဝန်းကျင် ငြိမ်သက်ပြီး စိတ်ဝင်စားဖွယ်ဖြစ်စေသည်။ | |
| ၃. | သင်ခန်းစာတိုင်းတွင် သင်ယူသူများအား ငြိမ်ငြိမ်ထိုင်ခိုင်းသည်။ | |
| ၄. | သင်ယူသူများ အတန်းထဲဝင်လာစဉ် တံခါးဝတွင် အမည်တပ်ခေါ်ကာကြိုဆိုပါသည်။ | |
| ၅. | လက်ထောင်သည့် သင်ယူသူများကိုသာ သင်ခန်းစာ ဆက်သွားနိုင်ရန်အတွက် ရွေးချယ်သည်။ | |
| ၆. | သင်ယူသူတို့ တိုးတက်စေရန် အပြုသဘောဆောင်သည့်တုံ့ပြန်မှုပေးပါသည်။ | |
| ၇. | ပုံမှန်လုပ်ငန်းများ ဖြင့်အစီအစဉ်တကျဖြစ်အောင်ဖန်တီးပါသည်။ | |
| ၈. | သင်ယူသူများ လုပ်ကိုင်ရာတွင် ပြောင်းလွယ်ပြင်လွယ် ရှိစေသည်။ | |
| ၉. | ကျောင်းသူကျောင်းသားများ အမေးအဖြေလုပ်ရန် အားပေးပါသည်။ | |
| ၁၀. | သင်ယူသူတစ်ဦးချင်းကို တန်းဖိုးထားကာ မကြာခဏအမည်တပ်ခေါ်ပါသည်။ ဥပမာ မေးခွန်းမေးစဉ်/တုံ့ပြန်ဖြေကြားစဉ် | |
| ၁၁. | ကျောင်းသူကျောင်းသားများကို ဂရုစိုက်ပြီး ၎င်းတို့အကြောင်းကို သိပါသည်။ ဥပမာ ဝါသနာ၊ သင်ယူမှုအခက်အခဲများ။ | |
| ၁၂. | သင်ယူသူတို့ နားလည်မလည် စစ်ဆေးရန် မှန်မှန် စာမေးပွဲစစ်ပါသည်။ | |
| ၁၃. | သင်ယူသူတို့အတန်းတစ်ခွင် သွားလာစေနိုင်ရန် လုပ်ဆောင်ချက်များကို စီစဉ်ပါသည်။ | |
| ၁၄. | သင်ယူသူတို့ စိတ်ပါဝင်စားအောင် အတန်းပြင်ပနေရာများကို သုံးပါသည်။ | |
| ၁၅. | အတန်းတွင်း စောစောရောက်သည်။ | |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

# သင်ရိုးပိုင်း ၅ ပြန်လည်သင်ကြားမှုအဖြေ -အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်

| | | ✓ |
|---|---|---|
| ၁. | သင်ယူသူများ အမှားလုပ်ရန် စိတ်လုံခြုံစေသည်။<br>သင်ယူမှုဖြစ်စဉ်၏အပိုင်းတစ်ပိုင်းအဖြစ် ဆရာ/မက အမှားလုပ်ပြခြင်း (သို့) အမှားလုပ်မိသည့်အခါ အားပေးခြင်းတို့လုပ်ဆောင်နိုင်ပါသည်။ | ✓ |
| ၂. | ပတ်ဝန်းကျင် ငြိမ်သက်ပြီး စိတ်ဝင်စားဖွယ်ဖြစ်စေသည်။ | ✓ |
| ၃. | သင်ခန်းစာတိုင်းတွင် သင်ယူသူများအား ငြိမ်ငြိမ်ထိုင်ခိုင်းသည်။<br>ရေးဖြေစာမေးပွဲ (သို့) မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်မှုစသည့် လုပ်ဆောင်ချက်များကို တိတ်တိတ်ဆိတ်ဆိတ်လုပ်လျှင် သင်ယူသူများ အကျိုးရှိနိုင်ပါသည်။ | |
| ၄. | သင်ယူသူများ အတန်းထဲဝင်လာစဉ် တံခါးဝတွင် အမည်တပ်ခေါ်ကာကြိုဆိုပါသည်။ | ✓ |
| ၅. | လက်ထောင်သည့် သင်ယူသူများကိုသာ သင်ခန်းစာ ဆက်သွားနိုင်ရန်အတွက် ရွေးချယ်သည်။<br>သင်ခန်းစာဆက်ရွေ့သွားမည်ဖြစ်သော်လည်း သင်ယူသူအားလုံးပါလာမည်မဟုတ်ဘဲ ဝင်ပြောရန် ဆရာ/မကမျှော်လင့်မထားသည့် သင်ယူသူများ မပါဝင်တော့ပါ။ | |
| ၆. | သင်ယူသူတို့ တိုးတက်စေရန် အပြုသဘောဆောင်သည့်တုံ့ပြန်မှုပေးပါသည်။ | ✓ |
| ၇. | ပုံမှန်လုပ်ငန်းများ ဖြင့်အစီအစဉ်တကျဖြစ်အောင်ဖန်တီးပါသည်။ | ✓ |
| ၈. | သင်ယူသူများ လုပ်ကိုင်ရာတွင် ပြောင်းလွယ်ပြင်လွယ် ရှိစေသည်။ | ✓ |
| ၉. | ကျောင်းသူကျောင်းသားများ အမေးအဖြေလုပ်ရန် အားပေးပါသည်။ | ✓ |
| ၁၀. | သင်ယူသူတစ်ဦးချင်းကို တန်းဖိုးထားကာ မကြာခဏအမည်တပ်ခေါ်ပါသည်။ ဥပမာ မေးခွန်းမေးစဉ်/တုံ့ပြန်ဖြေကြားစဉ် | ✓ |
| ၁၁. | ကျောင်းသူကျောင်းသားများကို ဂရုစိုက်ပြီး ၎င်းတို့အကြောင်းကို သိပါသည်။ ဥပမာ ဝါသနာ၊ သင်ယူမှုအခက်အခဲများ။ | ✓ |
| ၁၂. | သင်ယူသူတို့ နားလည်မလည် စစ်ဆေးရန် မှန်မှန် စာမေးပွဲစစ်ပါသည်။<br>နားလည်မလည်စစ်ဆေးရန် စာမေးပွဲစစ်ခြင်းဖြင့် သိနိုင်သော်လည်း အပြုသဘောဆောင်သည့် ဝန်းကျင်တစ်ရပ် ဖန်တီးရာတွင် ကြည့်ရှုလေ့လာခြင်း၊ အုပ်စုဖွဲ့လုပဆောင်စေခြင်း၊ နားထောင်ခြင်း စသည့် စစ်ဆေးအကဲဖြတ်နည်းအမျိုးမျိုးသုံးလျှင် ပိုမိုထိရောက်နိုင်ပါသည်။ ပုံမှန်စာမေးပွဲအခြေအနေများသည် စိတ်ဖိစီးပူပန်မှုဖြစ်စေနိုင်ပါသည်။ | |
| ၁၃. | သင်ယူသူတို့အတန်းတစ်ခွင် သွားလာစေနိုင်ရန် လုပ်ဆောင်ချက်များကို စီစဉ်ပါသည်။ | ✓ |
| ၁၄. | သင်ယူသူတို့ စိတ်ပါဝင်စားအောင် အတန်းပြင်ပနေရာများကို သုံးပါသည်။ | ✓ |
| ၁၅. | အတန်းတွင်း စောစောရောက်သည်။ | ✓ |

Towards Results in Education & English

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid



## လုပ်ဆောင်ချက် ၆.၁. မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း

ပြန်လည်သုံးသပ်ချက် - '**အားလုံးအကျုံးဝင်သည့်မေးမြန်းနည်းများ**'ကို မည်မျှနားလည်သည်ဟုထင်ပါသနည်း။

အောက်ပါစကေးမှ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှု ဂျာနယ်တွင်ဖြေဆိုပါ။

| **သိပ် နား မလည်ပါ** | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | **ကောင်းကောင်း နားလည်ပါသည်** |
|---|---|---|---|---|---|---|---|---|---|---|---|

သင်ရိုးပိုင်းအဆုံးတွင် ထပ်မံလုပ်ဆောင်ရပါမည်။

## ၂. မေးခွန်းမေးခြင်း

R

သင်ခန်းစာတိုင်းတွင် **သင်ယူသူ**အားလုံးတက်ရောက်မှု၊ ပါဝင်မှုနှင့် ပေါက်မြောက်အောင်မြင်မှုတို့ကို တန်ဖိုးထားခြင်းသည် အားလုံးအကျုံးဝင်မှုပင် ဖြစ်ပါသည်။ သင်ခန်းစာတစ်လျှောက် မေးခွန်းမေးနည်းများကို ထိထိရောက်ရောက် သုံးခြင်းလည်း အပါအဝင်ဖြစ်သည်။

- မေးခွန်းကြောင့် သင့်တော်သည့်အဆင့်တွင် သင်ယူသူအားလုံးအား စိတ်ပါဝင်စားလာပါမည်။
- သင်ယူသူအတွက် မေးခွန်းလွယ်လွန်းခြင်း၊ ခက်လွန်းခြင်းမဖြစ်သင့်ပါ။
- သင်ယူသူတစ်ဦးချင်းအတွက် မေးခွန်းများကို သေသေချာချာပြင်ဆင်သင့်ပါသည်။

ထိထိရောက်ရောက် တုံ့ပြန်ဖြေကြားပြီး အပြုသဘောဆောင်ဝန်းကျင်ဖန်တီးရန်မှာ ဆရာ/မနှင့် သင်ယူသူများအကြား ယုံကြည်မှုရှိရန်လိုအပ်ပါသည်။ အပြုသဘောဆောင်ဝန်းကျင်တစ်ရပ်ဖန်တီးမှုအတွက် ဆွေးနွေးမှုများသည် ဆရာ/မနှင့် သင်ယူသူများအကြား ယုံကြည်မှုတည်ဆောက်မှုအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်ပါသည်။

ဤသင်ရိုးပိုင်း ပထမပိုင်းတွင် **အဖွင့်နှင့်အပိတ်**မေးခွန်းများကို ဖော်ထုတ်ခြင်းနှင့် သုံးသပ်အကဲဖြတ်ပြီး ၎င်းတို့သည် သင်ယူမှုအတွက်တန်ဖိုးရှိပုံကို ဦးတည်လေ့လာထားပါသည်။ သင်ယူသူများ၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်မည့် ထိရောက်စွာ စိန်ခေါ်နိုင်သည့်အခွင့်အလမ်းများ မဖြစ်မနေရရှိစေရန် **ကွဲပြားအောင်ခွဲခြားမေးခွန်းထုတ်**ခြင်းအကြောင်းကို စူးစမ်းကြပါမည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid



## ၂.၁ အပိတ်၊ အဖွင့်နှင့် ကွဲပြားခြားနားသည့်မေးခွန်းများအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

### လုပ်ဆောင်ချက် ၆.၁ - အပိတ်၊ အဖွင့်နှင့် ကွဲပြားခြားနားသည့်မေးခွန်းများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း (၅ မိနစ်)

ဖွင့်ဆိုချက်(၃)ခုကို မေးခွန်းမေးနည်းနှင့်တွဲပါ။

| | |
|---|---|
| အပိတ်မေးခွန်း | ပိုမို ရှည်လျားစွာ ဖန်တီးဖြေဆိုစေနိုင်ပြီး တတ်မြောက်မှုကိုလည်း နက်နက်နဲနဲ စစ်ဆေးအကဲဖြတ်နိုင်စေပါသည်။ |
| အဖွင့်မေးခွန်း | သင်ယူသူအားလုံး၏ တမူထူးခြားသည့် စွမ်းရည်များ စစ်ဆေးရန် ထုတ်သည့် မေးခွန်းများဖြစ်သည်။ သင့်တော်သည့်အဆင့်တွင်ဖြေဆိုစေနိုင်ပါသည်။ |
| ကွဲပြားခဲ့ခြားသည့်မေးခွန်းများ | ဥပမာ - ဟုတ်ပါသည်/မဟုတ်ပါ အဖြေ။ အဆင့်နိမ့်တုံ့ပြန်မှုဖြစ်သည်။ ရှင်းလင်းခွင့်မရပါ။ |

သင်ယူမှုဂျာနယ်တွင် အဖြေရေးပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by:

## လုပ်ဆောင်ချက် ၆.၂- အဖြေ - အပိတ်၊ အဖွင့်နှင့် ကွဲပြားခြားနားသည့်မေးခွန်းများကို အစိပ္ပါယ်ဖွင့်ဆိုခြင်း

သုံးမျိုးလုံး အသုံးဝင်ပါသည်။ ဘလွမ်း၏ ဇယားကို သုံးသပ်ပါ။ အပိတ်မေးခွန်းဖြင့် အဆင့်နိမ့်နိမ့်တွင် နားလည်မလည် စစ်ဆေးနိုင်ပါသည် (ဖော်ထုတ်ပါ၊ ပြန်သတိရပါ စသည်ဖြင့်)။ အဖွင့်မေးခွန်းများဖြင့် ပိုမိုနက်နဲသည့်အဆင့်တွင် နားလည်မလည်စစ်ဆေးနိုင်ပါသည် (ခွဲခြမ်းစိတ်ဖြာပါ၊ သုံးသပ်အကဲဖြတ်ပါ စသည်ဖြင့်)။  သင်ယူသူများ၏ အမြင်နှင့် ထင်မြင်ချက်ကိုပေးခွင့်ရပါသည်။ ကွဲပြားခဲ့ခြားသည့် မေးခွန်းများသည် သင်ယူသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အထူးသဖြင့် ချမှတ်ထားပါသည်။




## ၂.၃ မေးခွန်း အမျိုးအစားများ

ထိရောက်သော အားလုံးအကျုံးဝင်အလေ့အကျင့်သည် သင်ယူသူများ၏အလားအလာကို အပြည့်အဝ ပေါက်မြောက်အောင်မြင်စေနိုင်ပါမည်။ ၂၁ ရာစု ကျွမ်းကျင်မှုများ ဖော်ဆောင်ရန် မေးခွန်းများကို စာသင်ခန်းအတွင်းတွင် အသုံးပြုပုံကို စဉ်းစားခြင်းဖြင့် ဆက်သွယ်ရေး၊ ပူးပေါင်းလုပ်ဆောင်ရေး၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနှင့် ဖန်တီးနိုင်စွမ်းတို့အကြား ဆက်နွယ်မှုကို စတင်သိမြင်နိုင်ပါပြီ။

အားလုံးအကျုံးဝင် သင်ယူမှုရလဒ်များနှင့်အဆင့်ဆင့်သင်ယူမှုတို့ကို စီစဉ်ပုံကို သုံးသပ်ခဲ့သည့် သင်ရိုးပိုင်း ၃ မှ ဘလွမ်း၏ ဇယားအကြောင်းဆွေးနွေးချက်များကို ပြန်တွေးကြည့်ပါ။ အတွေးအခေါ်စွမ်းရည်အမြင့်ပိုင်းကို မြှင့်တင်နိုင်ရန် ဘလွမ်းဇယားမှ တွေးခေါ်မှုလုပ်ရပ်ပြကြိယာများကို ထိုသင်ရိုးပိုင်းတွင်ဆွေးနွေးခဲ့ကြောင်း အမှတ်ရပါလိမ့်မည်။ အမြင့်ပိုင်းအတွေးအခေါ် စွမ်းရည်သည် သင်ယူသူများအား ပိုမိုတက်ကြွစွာပါဝင်သင်ယူလာစေပါမည်။ ဆရာ/မတို့က အနိမ့်ပိုင်းမေးခွန်းများသာ မေးမြန်းသောအခါ ကျောင်းသူ/သားများသည် အနိမ့်ပိုင်းအတွေးအခေါ်များကိုသာ အသုံးချပါမည်။

Implemented by:

Funded by: UKaid






Source: www.myanmargraphic.com (free use)

ပထမဥပမာတွင် ကျောင်းသူ/သားများအား အချက်အလက်များကို မှတ်မိစေခြင်း (သို့) ပြန်ပြောစေခြင်းမျှ ဖြစ်သော အနိမ့်ပိုင်းတွေးခေါ်မှုမျှသာဖြစ်သည်။ ဒုတိယ ဥပမာတွင် ကျောင်းသူကျောင်းသားများသည် အလီ အကြောင်း အချက်အလက်များကို နားလည်၊ အသုံးပြု၊ ဆက်စပ်တွေးတောရန် လိုအပ်ပါသည်။ ဤကဲ့သို့ မေးခွန်းမျိုးမှာ ပြင်ဆင်ချိန် ပိုမိုလိုအပ်ပြီး သင်ယူမှု လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်စွာ နားလည်ရန်လိုအပ် ပါသည်။

သင်ယူသူများ တစ်တန်းလုံးအနေဖြင့်လည်းကောင်း၊ အုပ်စုဖွဲ့ နှစ်ယောက်တွဲလုပ်သည့်အခါလည်းကောင်း၊ တစ်ဦးချင်း လုပ်ဆောင်ရာတွင်လည်းကောင်း၊ အနေအထားမျိုးစုံတွင် မေးခွန်းများကိုမေးရန်လိုအပ်ပါသည်။




Image source: https://www.flickr.com/photos/vandycft/29428436431 (Creative Commons)

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

## ၂.၃.၁ အပိတ်မေးခွန်းများ

ပုံမှန်အားဖြင့် ရှင်းရှင်းလင်းလင်းအဖြေတစ်ခု၊ ရံဖန်ရံခါ ဟုတ်/မဟုတ်အဖြေပေးရသည့်မေးခွန်းများ ဖြစ်ကြပါသည်။ ကျောင်းသူကျောင်းသားများကို ရှင်းပြစဉ်(သို့)ပြန်လှန်သင်ကြားစဉ် နားလည်မလည်စစ်ဆေးရာတွင် အသုံးဝင်ပါသည်။ ဥပမာ အချက်အလက်များကိုရှင်းလင်းရန်၊ အသေးစိတ်အချက်များထုတ်နုတ်ရန်နှင့် တစ်စုံတစ်ဦး၏ ရပ်တည်ချက်ကိုဖော်ထုတ်ရန် ဆရာ/မတို့က အပိတ်မေးခွန်းများ သုံးကောင်းသုံးကြပါမည်။
သင်ခန်းစာဆက်သွားရန် သင်ယူသူများ အဆင်သင့်ဖြစ်မဖြစ် (သို့) အဖွဲ့တွင်း/အတန်းဖော်များနှင့် ဆွေးနွေးချိန် လုံလောက်ခြင်းရှိမရှိ မေးရာတွင်လည်း အပိတ်မေးခွန်းများအသုံးတည့်ပါသည်။

သို့ရာတွင် ကျောင်းသူကျောင်းသားသည် အဖြေအတွက် ရှင်းပြခွင့်၊ အကြောင်းပြခွင့်ရှိမည်လည်းမဟုတ်၊ ၎င်း၏နားလည်မှုကိုလည်း တည့်မတ်ပေးနိုင်မည်လည်းမဟုတ်ပါ။

သင်ခန်းစာ မည်သည့်နေရာမဆို ဆရာ/မတို့ အပိတ်မေးခွန်းများ သုံးနိုင်ပြီး အစပိုင်းတွင် ယခင်သင်ခန်းစာခေါင်းစဉ်တစ်ခုအပေါ် ကျောင်းသူကျောင်းသားတို့ မည်မျှနားလည်ကြောင်း စစ်ဆေးရာတွင်လည်း အများအားဖြင့် အသုံးချကြပါသည်။






ဥပမာ ကျောင်းသူကျောင်းသားတို့ အပင်များအကြောင်းလေ့လာသည့်အခါ ဆရာ/မက ၎င်းတို့မှတ်မိခြင်းရှိမရှိစစ်ဆးရန် 'ဒီအစိတ်အပိုင်းကိုဘယ်လိုခေါ်သလဲ'ကဲ့သို့သောအပိတ်မေးခွန်းများ မေးခြင်းသည် အဓိပ္ပါယ်ရှိပါသည်။ ထိုအစိတ်အပိုင်းကို မည်သို့ခေါ်သင့်သည် ဟူသော ကျောင်းသူကျောင်းသား၏ယုံကြည်မှုနှင့် အထင်အမြင်အကြောင်း ဆွေးနွေးရန်မလိုအပ်ပါ။ ပန်းပွင့်၏ထိုအစိတ်အပိုင်းသည် အမည်ရှိပြီး ကျောင်းသူကျောင်းသားက ထိုအချက်ကို သိရန်သာလိုအပ်ပါသည်။

နည်းမှန်လမ်းမှန်သုံးလျှင် အပိတ်မေးခွန်းများထိရောက်နိုင်ပါသည်။ စာမေးပွဲမှာသုံးလျှင် ကျောင်းသူကျောင်းသားအားလုံး၏ အဖြေတူမတူ ယှဉ်ကြည့်နိုင်ပါသည်။ တိုတောင်းပြီး အကန့်အသတ်ရှိသော အဖြေများဖြစ်ကြောင့် အသုံးပြုရန် ပိုမိုလွယ်ကူပါသည်။

### ဆွေးနွေးချက် - အပိတ်မေးခွန်း ပြဿနာနှင့်ဖြေရှင်းချက်

**ပြဿနာ**

ဆရာမဒေါ်သင်းသန်းက စတုတ္ထတန်း ပထဝီသင်ခန်းစာတစ်ခု သင်အပြီး သင်ယူသူများအား အာရှသည် နိုင်ငံတစ်နိုင်ငံလားဟု မေးကာ လက်ထောင်ပြပြီးဖြေခိုင်းပါသည်။ ၅၀% က ဟုတ်ပါသည်ဟုဖြေပြီး ၅၀% က မဟုတ်ဖူးလို့ဖြေပါသည်။ အတန်းထဲတွင် ၅၀% အဖြေမှန်ပြီး ၅၀% မှားကြောင်း သိသာပါသည်။

ဤနေရာတွင် ပြဿနာနှစ်ရပ်ရှိပါသည်။ ပထမပြဿနာက ၅၀% မှန်သည့်ကိစ္စဖြစ်သည်။ ၎င်းတို့ မှန်းဆဖြေဆိုနေခြင်း ဟုတ်မဟုတ် ဒေါ်သင်းသန်းမည်သို့ သိပါသနည်း။ ဒုတိယပြဿနာက အဖြေမှားသည့် ၅၀%ဖြစ်သည်။ ၎င်းတို့လည်း မှန်းဆခြင်း ဖြစ်နိုင်ပါသည်။

Funded by: UKaid

Towards Results in Education & English

အပိတ်မေးခွန်းများကို သီးသန့်မေးခြင်းတွင် အားနည်းချက်ရှိကြောင်း ထင်ရှားပါသည်။ တစ်တန်းလုံး ရာနှုန်းပြည့် အဖြေမှန် မှန်းဆနိုင်ခဲ့လျှင်သော်မှ ဆရာ/မ သိနိုင်မည်မဟုတ်ပါ။

**ဖြေရှင်းချက်**

ဒေါ်သင်းသန်းအနေဖြင့် အဖွင့်မေးခွန်း အမျိုးအစားစုံလင်အောင်ထည့်သွင်းပြီး တိုးချဲ့မေးမြန်းရန်လိုပါသည်။ ဤသို့အားဖြင့် အာရှတိုက်သည် နိုင်ငံဟုတ်မဟုတ် သဘောတူ/သဘောမတူသည့် နှစ်အုပ်စုလုံးအတွက် အဆင်ပြေပါသည်။ သင်ယူသူများအား အဖွင့်မေးခွန်း ကျပန်းမေးခြင်းဖြင့် နားလည်သူနှင့် နားမလည်သူများကို စတင်ဖော်ထုတ်သိရှိနိုင်ပါမည်။ ဥပမာ အာရှတိုက်က ‘အဘယ်ကြောင့်’ နိုင်ငံတစ်ခုမဟုတ်ကြောင်း စိုးစုခိုင်ကို ဆရာ/မက မေးမြန်းနိုင်ပါသည်။

အောက်ပါ သင်ယူသူအချို့နှင့် ဆရာ/မတို့ ဆွေးနွေးခန်းကိုဖတ်ရှုပါ။

## ဆရာ/မနှင့် ကျောင်းသူကျောင်းသားများအကြား အမေးအဖြေများ




အာရှတိုက်အကြောင်း အပိတ်မေးခွန်းတစ်ခုမေးပြီးနောက် အဖွင့်မေးခွန်းမေးခြင်းဖြင့် သင်ယူသူတစ်ဦး (ဝင်းအေး)က အဖြေမှန်ကြောင်း နောက်တစ်ဦး (အောင်)က မှားကြောင်း ဆရာမသိနိုင်ပါသည်။ ယခုအခါ အောင် နားမလည်ကြောင်း ဆရာ/မက သိရှိပြီး ဝင်းအေးက အဖြေမှန်သော်လည်း တကယ်နားလည်မလည် စူးစမ်းရန်လိုအပ်နေပါသည်။ နားလည်မှု အလွဲများ ဖော်ထုတ်ပြီး အမှန်ပြင်နိုင်ပါသည်။ အောင်တစ်ယောက်လည်း အောက်ပါဆွေးနွေးချက်တွင် ပါဝင်နိုင်ပါသည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid




ဤဥပမာတွင် ဒေါ်သင်းသန်း၏ မေးခွန်းအပြီး အသေးစိတ်ဆက်လက်ရှင်းပြစေသည့်အခါတွင်မှ အာရှသည် တိုက်တစ်တိုက်ဟု ဝင်းအေးက နားလည်ကြောင်း ဆရာမက သိရှိရပါသည်။

## ၂.၃.၂ မေးခွန်းသံပြိုင်ဖြေဆိုခြင်း

အပိတ်မေးခွန်းမေးခြင်းသည် တစ်တန်းလုံးက မေးခွန်းကိုသံပြိုင်ဖြေကြားရန် ဆရာ/မတို့ မေးမြန်းသည့် အနေအထားနှင့် ဆင်တူပါသည်။ ကျောင်းသားတစ်ဦးချင်း ဘာကိုနားလည်ကြောင်း မည်သို့ သိနိုင်ပါမည်နည်း။ အဖြေမှန်သော်လည်း အလွတ်ကျက်ထားခြင်း၊ တစ်နည်းဆိုသော် အချက်အလက်မှတ်မိခြင်း ဖြစ်နိုင်ပါသည်။ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ဖန်တီးမှု မရှိသလောက်ဖြစ်သည်။ သဘောတရားအရ သင်ယူသူအားလုံးအဖြေမှန်သော်လည်း အဘယ်ကြောင့် အာရှက တိုက်တစ်တိုက်ဖြစ်ကြောင်း သင်ယူသူတိုင်း နားလည်ချင်မှ နားလည်ပါမည်။ အောက်ပါဥပမာကိုကြည့်ပါ။

ဆရာမက တစ်တန်းလုံးကိုမေးသည်...







သင်ယူသူအားလုံး သံပြိုင်ဖြေဆိုကြပါသည်။




Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

A

## လုပ်ဆောင်ချက် ၆.၂ – သံပြိုင်ဖြေဆိုခြင်း (၅ မိနစ်)

Q ကျောင်းသူ/သားအားလုံး နားလည်ပုံရသောကြောင့် ဆရာမသင်းသန်းက ကျေနပ်နေပါသည်။

၁. ဒေါ်သင်းသန်း၏အဆိုနှင့် သဘောတူပါသလား။

၂. အဘယ်ကြောင့် သဘောတူ/မတူပါသနည်း။ သင်ယူမှုဂျာနယ်တွင် အဖြေရေးပြီး ကျောင်းသူ/သားများ နားလည်မလည် သိစေနိုင်မည့် နောက်တစ်နည်းအကြံပြုပါ။

## လုပ်ဆောင်ချက် ၆.၂ အဖြေ – သံပြိုင်ဖြေဆိုခြင်း

၁. ဒေါ်သင်းသန်း တစ်တန်းလုံး၏သံပြိုင်အဖြေအပေါ် တုံ့ပြန်မှုသည် **လွဲမှားနိုင်**ပါသည်။

၂. အကြောင်းမှာ သင်ယူသူတစ်ဦးချင်း နားလည်မလည် မသိနိုင်သောကြောင့် ဖြစ်သည်။ (အထူးသဖြင့် အချို့ ကျောင်းသူ/သားများသည် အဖြေမသေချာလျှင်ဖြစ်စေ၊ သူတစ်ပါးနှင့် အဖြေမတူလျှင်ဖြစ်စေ) အခြားသူများ၏ အဖြေကိုနားထောင် အတုခိုးပြီး ဖြေဆိုခြင်း ဖြစ်နိုင်ပါသည်။ ဤဥပမာအရ တိုက်တစ်တိုက်ဖြစ်ခြင်းကို သင်ယူသူအားလုံးသိကြောင်း ဆရာ/မက စိတ်ချရန်လိုအပ်ပါသည်။

ပထမမေးခွန်းသည် ဟုတ်/မဟုတ်အဖြေလိုအပ်သည့် အပိတ်မေးခွန်းဖြစ်သည်။ ဒုတိယတစ်ခုမှာ အသေးစိတ် ဆက်လက်ဖြေဆို **ခွင့်ပေးသည့်** အဖွင့်မေးခွန်းဖြစ်ပါသည်။

အသေးစိတ်အချက်ဖြင့် ဆရာ/မက ကျောင်းသူ/သားများ၏ နားလည်မှုကို **စစ်ဆေးအကဲဖြတ်**နိုင်ပါသည်။

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၆.၄ - ဘလွမ်းဇယားအရ မေးခွန်းများကို စုစည်းခြင်း (၁၅ မိနစ်)

အောက်ပါမေးခွန်းများကို ဖတ်ရှုပြီး ကိန်းဂဏန်းများနှင့်တွဲကာ အမြင့်ပိုင်းမှ အနိမ့်ပိုင်းသို့ စီစဉ်ပေးပါ။ အပိတ်မေးခွန်းများကို အနိမ့်ပိုင်းဟု သတ်မှတ်ပြီး အဖွင့်မေးခွန်းများကို အမြင့်ပိုင်းတွင် ထားပါမည်။

**အမြင့်ပိုင်း**

| | | | |
|---|---|---|---|
| ၁ | ဖန်တီးခြင်း | ၁ | သင်သိထားသည့် အကြီးဆုံးနှင့်အသေးဆုံး တိရစ္ဆာန်ပုံကိုဆွဲပါ။ |
| ၂ | သုံးသပ် အကဲဖြတ်ခြင်း | ၂ | အချို့တိရစ္ဆာန်များကို အဘယ်ကြောင့် အိမ်တွင်အလှမွေး၍မရပါသနည်း။ |
| ၃ | ခွဲခြမ်း စိတ်ဖြာခြင်း | ၃ | ခြသေ့်၊ ကြောင်နှင့် မျောက်တို့ကို နှိုင်းယှဉ်ပါ။ |
| ၄ | လက်တွေ့အသုံး ချခြင်း | ၄ | တိရစ္ဆာန် ၁၀ မျိုးကို အန္တရာယ်ရှိမှုအရ တန်းစီပါ။ |
| ၅ | နားလည်ခြင်း | ၅ | လူတို့ အိမ်တွင်အလှမွေးကြသည့် တိရစ္ဆာန်သုံးမျိုးကို ဖော်ထုတ်ပါ။ |
| ၆ | မှတ်မိခြင်း | ၆ | တိရစ္ဆာန်အသစ် နှစ်ကောင် ဖန်တီးပြီး ရှင်းပြပါ။ |

**အနိမ့်ပိုင်း**

သင်ယူမှုဂျာနယ်တွင် ဇယားဆွဲပါ။ အဖြေတစ်ခုပေးထားပါသည်။

| မှတ်မိခြင်း | နားလည်ခြင်း | လက်တွေ့ အသုံးချခြင်း | ခွဲခြမ်း စိတ်ဖြာခြင်း | သုံးသပ် အကဲဖြတ်ခြင်း | ဖန်တီးခြင်း |
|---|---|---|---|---|---|
| ၅ | | | | | |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid
ဗြိတိန်ပြည်သူများမှ လှူဒါန်းသည်

Towards Results in Education & English

## လုပ်ဆောင်ချက် ၆.၄ အဖြေ - ဘလွမ်းဇယားအရ မေးခွန်းများစုစည်းခြင်း

မေးခွန်းရှိ လုပ်ရပ်ပြကြိယာများကို ပြောင်းလဲခြင်းဖြင့် သင်ယူသူများထံမှ အမြင့်ပိုင်း တုံ့ပြန်ဖြေကြားမှုများ ရရန်လိုလာပါသည်။ အမြင့်ပိုင်း မေးခွန်းများ ပိုမိုမေးမြန်းခြင်းဖြင့် သင်ယူသူ**အားလုံး**၏ ဝေဖန်ပိုင်းခြားတွေးခေါ်ကျွမ်းကျင်မှု ဖွံ့ဖြိုးစေပါမည်။

**အမြင့်ပိုင်း**

| | | | |
|---|---|---|---|
| ၁ | ဖန်တီးခြင်း | ၆ | တိရစ္ဆာန်အသစ် နှစ်ကောင် ဖန်တီးပြီး ရှင်းပြပါ။ |
| ၂ | သုံးသပ် အကဲဖြတ်ခြင်း | ၄ | တိရစ္ဆာန် ၁၀ မျိုးကို အန္တရာယ်ရှိမှုအရ တန်းစီပါ။ |
| ၃ | ခွဲခြမ်း စိတ်ဖြာခြင်း | ၃ | ခြင်္သေ့၊ ကြောင်နှင့် မျောက်တို့ကို နှိုင်းယှဉ်ပါ။ |
| ၄ | လက်တွေ့အသုံး ချခြင်း | ၁ | သင်သိထားသည့် အကြီးဆုံးနှင့်အသေးဆုံး တိရစ္ဆာန်ပုံကိုဆွဲပါ။ |
| ၅ | နားလည်ခြင်း | ၂ | အချို့တိရစ္ဆာန်များကို အဘယ်ကြောင့် အိမ်တွင်အလှမွေး၍မရပါသနည်း။ |
| ၆ | မှတ်မိခြင်း | ၅ | လူတို့ အိမ်တွင်အလှမွေးကြသည့် တိရစ္ဆာန်သုံးမျိုးကို ဖော်ထုတ်ပါ။ |

**အနိမ့်ပိုင်း**

| မှတ်မိခြင်း | နားလည်ခြင်း | လက်တွေ့ အသုံးချခြင်း | ခွဲခြမ်း စိပ်ဖြာခြင်း | အကဲဖြတ်ခြင်း | ဖန်တီးခြင်း |
|---|---|---|---|---|---|
| ၅ | ၂ | ၁ | ၃ | ၄ | ၆ |

### ၂.၃.၃ အဖွင့်မေးခွန်းများ

၂၁ ရာစုသင်ကြား/သင်ယူရေးတွင် အဖွင့်မေးခွန်းမေးမြန်းခြင်းသည် ပဓာနကျပါသည်။ အဖွင့်မေးခွန်းများကို တစ်ဦးချင်းနှင့် အုပ်စုလိုက် ဖြေကြားကြရာတွင် ဖြစ်နိုင်ချေအမျိုးမျိုးအဖုံဖုံအကြောင်း သင်ယူသူတို့ တွေးတောစူးစမ်းစေနိုင်ပါမည်။ စကားဝိုင်းများ စတင်ရာတွင်လည်းကောင်း၊ ပိုမိုနက်နဲသောဉာဏ်ပညာပိုင်းဆိုင်ရာအတွေးအခေါ်ကို နှိုးဆွရာတွင်လည်းကောင်း အသုံးပြုနိုင်ပါသည်။ တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အုပ်စုငယ် (သို့) တစ်တန်းလုံး မေးမြန်းနိုင်ပါသည်။ ပြဿနာနှင့်စပ်လျဉ်း၍ 'ဘယ်လို'

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

'ဘယ်သူ' 'ဘယ်တော့' 'ဘာကြောင့်' 'ဘာလဲ'ဟူ၍ စူးစမ်းရှာဖွေကြပါသည်။ ထိထိရောက်ရောက် မေးခွန်းထုတ်ခြင်းသည် မတော်တဆ ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ မှန်ကန်သည့်မေးခွန်းအမျိုးအစားကိုသုံးခြင်းဖြင့် သင်ယူမှုရလဒ်နှင့် ဆက်စပ်နေသော အကြောင်းအရာပါ အဓိကအကြောင်းအချက်ကို သင်ယူသူတို့ နားလည်လာစေရန် သင်ခန်းစာမစတင်မီ သေချာကျနစွာ ပြင်ဆင်ရပါမည်။ သင်ယူသူတို့ ပေးနိုင်ချေရှိသည့် တုံ့ပြန်ဖြေကြားချက်တို့မှာ ပိုမိုအနုစိတ်၊ ပိုမိုစုံလင်လေ့ရှိပြီး ဆက်လက်ဆွေးနွေး ငြင်းခုံမှုကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။

**လုပ်ဆောင်ချက် ၆.၅ - အပိတ်၊ အဖွင့်နှင့် ကွဲပြားခြားနားသောမေးခွန်းများကို သုံးသပ်ခြင်း (၁၅ မိနစ်)**

အဖွင့်မေးခွန်းအသုံးပြုပုံနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုစွမ်းရည်ဖွံ့ဖြိုးပုံအကြောင်းတွေးတောပါ။

**ဆရာ/မတစ်ယောက်အနေဖြင့် အားလုံးအကျုံးဝင်ပြီး အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် ဖော်ဆောင်ရန် မေးခွန်းကိုမည်ကဲ့သို့ အသုံးပြု မေးမြန်းနိုင်ပါမည်နည်း။**

သင့်အတွေးကို သင်ယူမှုဂျာနယ်တွင်ရေးပါ။ မှတ်စုရေးစဉ် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားပါ။

- မိန်းကလေးနှင့်ယောက်ျားလေး တပည့်များကို ညီတူညီမျှမေးခွန်းမေးပါသလား။
- သင်ယူသူတို့ စိတ်လုံလုံခြုံခြုံဖြင့် အမှားလုပ်စေနိုင်မည့် ဝန်းကျင်တစ်ရပ် ဖန်တီးထားပါသလား။
- အပြုသဘောဆောင်အားပေးထောက်ခံမှုကို မည်မျှလုပ်ဆောင်ပါသနည်း။
- တစ်တန်းလုံးကိုမေးခွန်းခြင်း သို့မဟုတ် သင်ယူသူတိုင်း ပါဝင်လာအောင် တိုက်ရိုက်ဦးတည်၍မေးခွန်းမေးခြင်းကို မည်မျှ လုပ်ဆောင် ပါသနည်း။
- အမှားပြင်ရန် အဖြေကို ညင်ညင်သာသာ ဆန်းစစ်ခြင်း၊ နောက်ဆက်တွဲမေးခွန်းမေးခြင်းများ လုပ်ဆောင်ပါသလား။
- မေးခွန်းများကို သင်ယူသူတို့အတွေ့အကြုံနှင့် ချိတ်ဆက်ပေးပါသလား။
- သင်ယူသူတစ်ဦးချင်း တုံ့ပြန်ဖြေကြားရန် အချိန်မည်မျှပေးပါသနည်း။
- မေးခွန်းများ ကြိုတင်ပြင်ဆင်ပါသလား။

ဤဗျူဟာများဖြင့် သင်ယူသူတို့၏ မိမိကိုယ်မိမိ တန်ဖိုးထားမှုနှင့်ယုံကြည်ကိုးစားမှုကို တိုးတက်စေနိုင်ပါသည်။

## အဖွင့်မေးခွန်းဥပမာများ

အတန်းတွင်းမှ သင်ယူသူများပိုမို စိတ်ပါဝင်စားနိုင်ရန် အစောပိုင်း ဥပမာများသုံးပြီး မေးခွန်းများကို တိုးချဲ့မေးမြန်းနိုင်ပါသည်။




Implemented by: BRITISH COUNCIL, The Open University, VSO, montrose




အောင်ကိုမေးရာတွင် ဆရာမက အနိမ့်ပိုင်းမေးခွန်းမေးထားသည်ကို သတိမူပါ။  ထိုသင်ယူသူက 'ဘာကြောင့်လဲ'ဟူသော မေးခွန်းကို အစောပိုင်းကဖြေဆိုရာတွင် အခက်ကြုံခဲ့သောကြောင့်ဖြစ်ပါသည်။ အောင်ကို ကွဲပြားအောင် ခွဲခြားမေးခြင်းဖြင့် စိတ်သက်သာရာရစေပြီး ဖြေရမှာလည်း မကြောက်တော့ပါ။

နောက်သင်ယူသူတစ်ယောက်ဖြစ်သည့် နိုင်မြတ်ကို ပိုမိုခက်ခဲသော အကြောင်းအရာတူ မေးခွန်းများ ဆက်လက်မေးမြန်းပုံကိုလည်း သတိချပ်ပါ။ ဤကဲ့သို့ အတန်းတွင်း သင်ယူသူအသီးသီးကို ဆက်လက်တိုးချဲ့ပြီး ဦးတည်မေးမြန်းနိုင်ပါသည်။ အဖွင့်မေးခွန်းများကို တစ်တန်းလုံးအားလည်းမေးနိုင်ပါသည်။ သင့်သင်ယူသူများအကြောင်းသိခြင်းဖြင့် (သင်ရိုးပိုင်း ၂) သင်ယူသူတို့၏ လိုအပ်ချက်နှင့်ကိုက်ညီသော မေးခွန်းများကို လိုက်လျောညီထွေမေးမြန်းရန် အချက်အလက်များ ရှိပြီးသားဖြစ်ပါသည်။ သင်ယူသူတို့ကို လုပ်ရည်ကိုင်ရည်၊ စိတ်ဝင်စားမှု စသည်တို့ကိုအခြေပြု၍ သေချာကျနစွာ အုပ်စုဖွဲ့ သို့မဟုတ် နှစ်ဦးစီတွဲနိုင်ပါသည်။

Funded by: UKaid



A

## လုပ်ဆောင်ချက် ၆.၆ - အဖွင့် သို့မဟုတ် အပိတ် မေးခွန်းမေးခြင်း (၁၅ မိနစ်)

အောက်ပါဥပမာများကို ကြည့်၍ အဖွင့်မေးခွန်း (သို့) အပိတ်မေးခွန်းဖြစ်ကြောင်း ဆုံးဖြတ်ပါ။

၁. ……… မေးခွန်းသည် အကြောင်းအရာတစ်ခုခုအပေါ် သင်ယူသူတို့၏ အတွေးအမြင်မျိုးစုံ ထုတ်ဖော်ခွင့်ပေးကာ သဘောတူခွင့်၊ ကွဲလွဲခွင့်၊ ဆွေးနွေးခွင့်ပေးပါမည်။

၂. ………. မေးခွန်းကို သင်ခန်းစာအစတွင် သုံးခြင်းဖြင့် အတန်းတွင်းမှ သင်ယူသူတို့၏ အမြင်၊ နားလည်မှုကို ဆန်းစစ်ခွင့်ပေးပါသည်။ သို့ဖြစ်ရာ ရှေ့ဆက်သင်မည့်သင်ခန်းစာအတွက် အသုံးဝင်ပါမည်။

၃. ………. မေးခွန်းများကို ခေါင်းစဉ်တစ်ခုအပေါ် သင်ယူသူက နားလည်မလည် ဆရာ/မကစစ်ဆေးလိုသောအခါ အထူးသဖြင့် အမှားအမှန် အဖြေရှိသည့်အခါ အသုံးပြုပါသည်။

၄. ………. မေးခွန်းများကို သင်ခန်းစာအဆုံးတွင် သင်ခန်းစာအတွင်း ဆွေးနွေးခဲ့သည့် အဓိကအကြောင်းအရာ အချို့ကို စူးစမ်းလိုသည့်အခါ သုံးလေ့ရှိပါသည်။

၅. ………. မေးခွန်းများကို ဆွေးနွေးငြင်းခုံခြင်းဖြင့် သင်ယူသူတို့အကျိုးရှိမည်ဟု ဆရာ/မက ထင်မြင်သည့် သင်ခန်းစာအတွင်း မည်သည့်နေရာမဆို အသုံးပြုနိုင်ပါသည်။

၆. ………. မေးခွန်းများကို သမိုင်းရက်စွဲများ (သို့) အမည်နာမ၊ လုပ်ငန်းစဉ်အဆင့်များ တိတိကျကျရှိသော အချက်အလက်များ သင်ကြားသည့်အခါတွင် အသုံးပြုပါသည်။

၇. ………. မေးခွန်းများသည် ပိုင်းခြားစိတ်ဖြာခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်း အစရှိသည့် အမြင့်ပိုင်းတွေးခေါ်နိုင်စွမ်းကို အားပေးပါသည်။

၈. ………. မေးခွန်းများကို သင်ခန်းစာအစ၌ သင်ခန်းစာအတွင်း သင်ကြားမည့် အကြောင်းအရာကို သင်ယူသူတို့ နားလည်မလည် ဆန်းစစ်သည့်အခါ (သို့) ယခင်သင်ခန်းစာမှ အကြောင်းအရာကို သင်ယူသူတို့ မှတ်မိခြင်း ရှိမရှိ စစ်ဆေးသည့်အခါတွင် သုံးပါသည်။

**အပိုင်း ၂** - သင်ယူသူတို့အတွက် အဖွင့်၊ အပိတ်မေးခွန်းသုံးခြင်း၏ အကျိုးအပြစ် အကြောင်း လုပ်ဖော်ကိုင်ဖက် တစ်ဦးနှင့် ဆွေးနွေးပါ။

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid



## လုပ်ဆောင်ချက် ၆.၆ အဖြေ

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
|---|---|---|---|---|---|---|---|
| အဖွင့် | အဖွင့် | အပိတ် | အဖွင့် | အဖွင့် | အပိတ် | အဖွင့် | အပိတ် |

**အပိုင်း ၂**

### အပိတ်မေးခွန်းများ

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| သင်ယူသူတို့လွယ်လင့်တကူ ဖြေဆိုနိုင်သည်။ | ယခင်အသိပညာမရှိသည့် သင်ယူသူများ ဖြေဆိုနိုင်မည်မဟုတ်ပါ။ |
| အနိမ့်ပိုင်းတွေးခေါ်မှုစွမ်းရည်သာ လိုအပ်သောကြောင့် သင်ယူသူအားလုံး ဖြေဆိုနိုင်ပါမည် (အဆင့်အမျိုးမျိုးရှိ သင်ယူသူအားလုံးပါဝင်လာစေရန် ထိရောက်သော နည်းလမ်းတစ်သွယ်ဖြစ်နိုင်ပါသည်)။ | သင်ယူသူတို့ အဖြေမှန်းဆနိုင်ပြီး မေးခွန်းကိုနားလည်မလည် ဆရာ/မမှ မသိနိုင်ပါ။ |
| သင်ယူတတ်မြောက်မှုကို ဆရာ/မက စစ်ဆေးရန် အခွင့်အလမ်း ရရှိပါသည်။ | သင်ယူသူတို့သည် ၎င်းတို့အဖြေကို ရှင်းပြခွင့်၊ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြရှင်းလင်းခွင့် မရရှိပါ။ |
| ဆရာ/မတို့ လွယ်ကူလျှင်မြန်စွာ လုပ်ဆောင်နိုင်ပါသည်။ | သင်ယူသူတို့သည် မူလသတ်မှတ်ထားသည့်အတိုင်း တုံ့ပြန်ဖြေဆိုရပါသည်။ |
| မဆီမဆိုင်အဖြေ နည်းပါးသွားပါသည်။ | |
| ဆရာ/မတို့က အဖြေကို လွယ်လင့်တကူ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်၊ စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ | |

### အဖွင့်မေးခွန်းများ

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| အကြောင်းအရာများကို အသေးစိတ် ဆက်လက်စူးစမ်းနိုင်ရန် အခွင့်အလမ်းရှိသည်။ | ပေးလိုက်သည့်တုံ့ပြန်ဖြေဆိုမှုအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန်၊ အနှစ်ချုပ်ရန် ခက်ခဲနိုင်ပါသည်။ |
| အမြင့်ပိုင်းအတွေးအခေါ်ကျွမ်းကျင်မှုမြှင့်တင်ပေးပါသည်။ | စဉ်းစား၊ ဖြေကြား၊ ဆွေးနွေးချိန် ပိုပေးရန် ဆရာ/မတို့ ပြင်ဆင်ထားရန် လိုအပ်ပါသည်။ |
| သင်ယူသူတို့ဖြေရှင်းခွင့်၊ အကြောင်းပြခွင့်၊ ချဲ့ထွင်ပြောဆိုခွင့် ပေးပါသည်။ | အမြင့်ပိုင်းအတွေးအခေါ်ကျွမ်းကျင်မှုသုံးရာတွင် အခက်ကြုံနိုင်သောကြောင့် သင်ယူသူတိုင်းပါနိုင်မည်မဟုတ်ပါ။ |
| အဖြေမှန်တစ်ခုတည်းမရှိသောကြောင့် မိမိအဖြေကို မှားယွင်းသည်ဟု မမြင်ကြမည်မှန်း သိပြီးသားဖြစ်သည့်အလျောက် သင်ယူသူများ စိတ်လုံခြုံစွာ ဖြေဆိုနိုင်ပါမည်။ | အထူးသဖြင့် မိမိအမြင်ကို အခြားသင်ယူသူတို့ သဘောမတူခဲ့လျှင် သင်ယူသူတို့ မေးခွန်းဖြေဆိုရန် မဝံ့မရဲဖြစ်နိုင်ပါသည်။ ပါဝင်ဖြေဆိုခြင်းမပြုဘဲ နေကြပါမည်။ |
| | သင်ယူသူတို့ အသေးစိတ်လွန်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခြင်းတို့ကြောင့် ရှင်းရှင်းလင်းလင်း မဖြစ်နိုင်ပါ။ |

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

**ဆွေးနွေးချက်**

အဖွင့်နှင့်အပိတ်မေးခွန်းများကို စူးစမ်းပြီးနောက် သင်ခန်းစာတွင်သုံးနိုင်ပုံနှင့် နှစ်မျိုးလုံးပေါင်းသုံးရန် လိုမလို ထည့်သွင်းစဉ်းစားပါ။

ဥပမာ

- ပုံပြင်မှာ လူတိုင်းအတွက် အစားအသောက် လုံလောက်ပါသလား။ (အပိတ်)
- အဘယ်ကြောင့် ပုံပြင်မှ လူတိုင်းအတွက် အစားအသောက် မလုံလောက်သည်ဟု ထင်မြင်ပါသနည်း။ (အဖွင့်)

ဤတွင် အဖွင့်နှင့်အပိတ် မေးခွန်းနှစ်မျိုးလုံးပေါင်းသုံးခြင်းဖြင့် ဖြေရှင်းချက်ပေးသည့် အပိတ်မေးခွန်းများကို ဆရာ/မက မေးနိုင်ပါမည်။ သင်ယူသူများ သင်ခန်းစာတွင် မိမိကိုယ်ကို ပိုမိုယုံကြည်စိတ်ချလာစေရန်လည်းကောင်း (သို့) ပြောဆိုနေသည်ကို ၎င်းတို့နားလည်မလည် မသေချာလျှင်သော်လည်းကောင်း သင်ယူသူအချို့ကို ထိုမေးခွန်းများ သီးသန့်မေးရန် ဆုံးဖြတ်နိုင်ပါသည်။

အဖွင့်မေးခွန်းကို အပိတ်မေးခွန်းနှင့် ပေါင်းမေးခြင်းဖြင့် သင်ယူသူတို့အား ၎င်းတို့၏ထင်မြင်ချက်ကို အကြောင်းပြခွင့်၊ အတွေးများရှင်းပြခွင့်၊ အခြားသင်ယူသူတို့ကို အပြုသဘောဆောင် မေးမြန်းစိန်ခေါ်ခွင့် ပေးနိုင်ပါမည်။

## ၂.၃.၄ ကွဲပြားခွဲခြားသည့်မေးခွန်းများ



(အချိန်အနည်းငယ်အကြာတွင်) သင်ယူသူတစ်ဦးချင်း လိုအပ်ချက်ကို သိလာပါလိမ့်မည်။ (သင်ရိုးပိုင်း ၂ - သင်ယူသူများကို သိရှိခြင်း ကိုပြန်ကြည့်ပါ။) *သင်ယူသူမြောက်များစွာကို သင်ကြားခြင်းကြောင့် စိန်ခေါ်မှုရှိနိုင်သော်လည်း အားလုံးအကျုံးဝင် ဆရာ/မ တစ်ဦးအတွက် အခရာကျသည့်အချက်ဖြစ်သည်။*

သင်ယူသူတစ်ဦးချင်း၏ လက်ရှိအဆင့်တွင် ၎င်းတို့ကိုစိန်ခေါ်ရန်နှင့်ပံ့ပိုးရန် မေးခွန်းများ ထိထိရောက်ရောက် မေးမြန်းရပါမည်။ **အသိသညာများကို ကောင်းကောင်းနားလည်ထားသည့် သင်ယူသူများသာမက သင်ယူသူအားလုံး အမြင့်ပိုင်းမေးခွန်းများ ဖြေဆိုနိုင်မည်ဟု မျှော်လင့်ချက် မြင့်မြင့်မားမား ထားရှိရပါမည်။** အမြင့်ပိုင်းမေးခွန်းများကို ဆရာ/မတို့ မေးမြန်းပုံပေါ်မူတည်ပြီး သင်ယူသူတိုင်း ပိုမိုလွယ်လင့်တကူ ဖြေဆိုနိုင်ပါမည်။ အောက်ပါဥပမာအချို့ကိုကြည့်ပါ။ အမြင့်ပိုင်းအဖွင့်မေးခွန်းကို နည်းလမ်းနှစ်သွယ်ဖြင့် မေးထားပါသည်။

သုံးသပ်အကဲဖြတ်သည့်မေးခွန်း



**ခိုင်ဦးရေ - လူတွေဘယ်အချိန်မှာ တူညီဝတ်စုံဝတ်ကြသလဲ။ ဒီလိုဝတ်ခြင်းဖြင့် သူတို့ အခန်းကဏ္ဍအပေါ် ဘယ်လိုသက်ရောက်မှုရှိသလဲ (သို့) ရပ်ရွာထဲမှာ သူတို့ကို ဘယ်လိုမြင်ကြသလဲ။**

| |
|---|
| အမြင့်ပိုင်း မေးခွန်း<br>**ဖြေဆိုရန်ပိုခက်သည်။** |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose



မိဝေ - ကျောင်းဝတ်စုံဝတ်ခြင်းရဲ့ကောင်းကွက် ဆိုးကွက် ဘာတွေရှိသလဲ။

အမြင့်ပိုင်း မေးခွန်း

**ဖြေဆိုရန်ပိုလွယ်သည်။**



ချိုလှဲ့ရေ - ကျောင်းဝတ်စုံဝတ်တာကို ဘယ်လိုသဘောရသလဲ။

အမြင့်ပိုင်း မေးခွန်း

**ဖြေဆိုရန်ပိုမိုလွယ်ကူသည်။**

## ၂.၃.၅ သင်ယူသူတို့အား မေးခွန်းမေးရန်အားပေးခြင်းနှင့် စိတ်လုံခြုံစေခြင်း

အမေးအဖြေဆိုသည်မှာ အပြန်အလှန်ရှိသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ဆရာ/မကို အချိန်မရွေး မေးမြန်းနိုင်၊ မေးမြန်းရန် အားပေးရပါမည်။ အမှားများကိုစူးစမ်းရန်အတွက် စာသင်ခန်းသည် လုံခြုံသည့်နေရာဖြစ်ရန် လိုအပ်သောကြောင့် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင် ဖန်တီးရခြင်းဖြစ်ပါသည်။ သင်ယူသူများ၏ မေးခွန်းများသည် ၎င်းတို့အားလုံး မတူကွဲပြားကြောင်း၊ နားလည်သည့် အဆင့်အမျိုးမျိုးရှိကြကြောင်း ပြသနိုင်သဖြင့် ညံ့ဖျင်းခြင်း (သို့) ဆိုးဝါးခြင်းမရှိပါ။ မှားမှာစိုးရိမ်ရန်မလိုဘဲ ဆရာ/မ၊ အတန်းဖော်တို့ကို လွတ်လွတ်လပ်လပ် မေးခွန်းမေးခွင့်ပေးပါ။ မှတ်သားရန်မှာ ဝေဖန်ပိုင်းခြားတွေးခေါ်မှုသည် အမေးအဖြေအပေါ် အခြေပြုထား ကြောင်းပင်ဖြစ်ပါသည်။

ကမ္ဘာကျော်ရူပဗေဒနိုဘယ်ဆုရှင် ရစ်ချတ်ဖန်းနီးမန်းမှအဆိုရှိခဲ့သည်မှာ
"မေးခွန်းထုတ်လို့မရတဲ့ အဖြေတွေထက် အဖြေမရှိတဲ့ မေးခွန်းကိုဘဲ ဖြေလိုက်တော့မယ်"ဟူ၍ ဖြစ်ပါသည်။

### လုပ်ဆောင်ချက် ၆.၇ - အတန်းတွင်းမေးခွန်းအမျိုးအစားနှင့် မေးမြန်းသည့်ကြိမ်နှုန်းအကြောင်း သုတေသန (၉၀ မိနစ်)

ဤလုပ်ဆောင်ချက်ကို မိမိကိုယ်မိမိ (သို့) အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းဖြင့် လုပ်ဆောင်နိုင်ပါသည်။ **အတန်းတွင်း မိမိသုံးသည့် မေးခွန်းအမျိုးအစားနှင့် မေးမြန်းသည့်ကြိမ်နှုန်းကို စစ်ဆေးရန်** ရိုးရိုးရှင်းရှင်း ကြိမ်နှုန်းပြဇယားကို အောက်တွင် ပေးထားပါသည်။ **မိန်းကလေး**နှင့် **ယောကျ်ားလေး**များ၏ ပါဝင်ဆောင်ရွက်မှုကို ပိုင်းခြားစိတ်ဖြာသုံးသပ်လိုသောကြောင့် ကွဲပြားအောင် ခွဲခြားထားကြောင်းလည်း တွေ့ရပါမည်။

၁. စာရွက်တစ်ရွက် (သို့) သင်ယူမှုဂျာနယ်တွင် **ကြိမ်နှုန်းပြဇယားတစ်ခု ရေးဆွဲ**ပါ (အဖြူရောင်အကွက်များ မကူးရ)။ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှု၊ အချင်းချင်းစစ်ဆေးအကဲဖြတ်မှု (သို့)နှစ်မျိုးလုံး လုပ်ပါ။

၂. သင့်အတန်းတစ်တန်းတွင် မေးမြန်းသည့် **မေးခွန်းအမျိုးအစား** (အဖွင့်၊ အပိတ်၊ ကွဲပြားသည့်မေးခွန်းများ)၊ **ကြိမ်နှုန်း** (အကြိမ်အရေအတွက်)နှင့် **မည်သူ** (ဆရာ/မသို့မဟုတ်သင်ယူသူများ)ဖြစ်ကြောင်းကို **မိမိကိုယ်တိုင် စစ်ဆေး**ပါ။ အချက်အလက်များ ခွဲခြမ်းစိတ်ဖြာပါ။

Funded by: UKaid

Towards Results in Education & English

**သို့တည်းမဟုတ်**

၃. **လုပ်ဖော်ကိုင်ဖက်**တစ်ယောက်ကို **ကြည့်ရှုလေ့လာ** (သို့) ၄င်းတို့က မိမိကိုကြည့်ရှုလေ့လာကာ နံပါတ် (၁)မှာကဲ့သို့ အချက်အလက်များ မှတ်သားရန်။ ရလဒ်နှင့်လုပ်ငန်းအစီအစဉ်ကို ဆွေးနွေးပါ။ ဖြည့်ထားသည့်နမူနာ**ကြိမ်နှုန်း**ပြဇယားကို အောက်ပါဇယားအောက်ရှိ ဆွေးနွေးချက်တွင် ပေးထားပါသည်။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရက်စွဲ... | | | | အတန်း...<br>သင်ယူသူအရေအတွက် | | | | ကြည့်ရှုလေ့လာခံရသည့်ဆရာ/မ<br>ကြည့်ရှုလေ့လာသည့် ဆရာ/မ | |
| အပိတ်မေးခွန်း | | | | အဖွင့်မေးခွန်း | | | | ကွဲပြားခွဲခြားသည့်မေးခွန်း | |
| ဆရာ/မက မေးသည် | | သင်ယူသူက မေးသည် | | ဆရာ/မက မေးသည် | | သင်ယူသူက မေးသည် | | ဆရာ/မ | |
| မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား |
| **ဆရာ/မက အပိတ် မေးခွန်း** ဘယ်နှစ်ကြိမ် မေးပါသနည်း | | **သင်ယူသူက အပိတ် မေးခွန်း** ဘယ်နှစ်ကြိမ် မေးပါသနည်း | | **ဆရာ/မ အပိတ် မေးခွန်း** ဘယ်နှစ်ကြိမ် မေးပါသနည်း | | **သင်ယူသူက အပိတ် မေးခွန်း** ဘယ်နှစ်ကြိမ် မေးပါသနည်း | | **ဆရာ/မမှ ကွဲပြား/ခွဲခြားသည့် မေးခွန်း** ဘယ်နှစ်ကြိမ် မေးပါသနည်း။ | |
| တစ်တန်းလုံးကိုမေးသည့်မေးခွန်း | | | | | | | | | |
| | | | | | | | | | |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၆.၇ ဆွေးနွေးချက်/ပိုင်းခြားစိတ်ဖြာသုံးသပ်ချက် - အတန်းတွင်း မေးခွန်းအမျိုးအစားနှင့် မေးမြန်းသည့်ကြိမ်နှုန်းအကြောင်း သုတေသန

အထက်ပါဇယားကိုဖြည့်စွက်ပုံ နမူနာဖြစ်ပါသည်။

**ရလဒ်ဇယား**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရက်စွဲ...၂၉ ဇူလိုင်လ ၂၀၂၂ | | | | အတန်း...ရူပဗေဒ ပထမနှစ်<br>သင်ယူသူအရေအတွက်...၃၅<br>(ကျား ၁၇ နှင့် မ ၁၈) | | | | လေ့လာသုံးသပ်ခံရသည့်ဆရာ/မ... အိမ့်ချစ်<br>လေ့လာသုံးသပ်သူဆရာ/မ....မြချမ်း | |
| အပိတ်မေးခွန်း | | | | အဖွင့်မေးခွန်း | | | | ကွဲပြားခွဲခြားသည့်မေးခွန်း (ဆရာ/မ သာ) | |
| ဆရာ/မက မေးသည် | | သင်ယူသူက မေးသည် | | ဆရာ/မက မေးသည် | | သင်ယူသူက မေးသည် | | သင်ယူသူမှ မေးသည် | |
| မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား |
| 111 | ~~1111~~ 111 | | 1 | | 111 | 1 | 11 | | |
| တစ်တန်းလုံးကိုမေးသည့်မေးခွန်းများ | | | | | | | | | |
| ~~1111~~ ~~1111~~ 111 | | 1 | | 111 | | 1 | | | |

မိမိအတန်းတွင်း မေးခွန်းသုံးပုံကို ဤလုပ်ဆောင်ချက်မှ နက်နက်နဲနဲတွေးချိန်ပေးပါလိမ့်မည်။ အချက်အလက်များအရ အိမ့်ချစ်သည် အတန်းတွင်းမေးခွန်းသုံးပုံကို မည်သို့သိရှိနိုင်ပါသနည်း။ မြချမ်းနှင့်အိမ့်ချစ်တို့သည် ဇယာအကြောင်း ဆွေးနွေးပြီး အောက်ပါအတိုင်း အဆုံးသတ်သုံးသပ်ကြပါသည်။

**အချက်အလက် ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်**

- အိမ့်ချစ်သည် အဖွင့်မေးခွန်းထက် အပိတ်မေးခွန်း အမေးများသည်။
- အိမ့်ချစ်သည် ယောက်ျားလေးများကို မေးခွန်းပိုမေးသည်။
- သင်ယူသူတို့ထံမှ မေးခွန်းအလွန်နည်းပါသည်။
- ကွဲပြား ခွဲခြားသည့်မေးခွန်းများ လုံးဝမမေးပါ။
- ယောကျ်ားလေးများကို အဖွင့်မေးခွန်း အမေးများလေ့ရှိသည်။

**ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်ရမည့်အရာ**

သင်ယူသူတို့ နက်နက်နဲနဲတွေးစေရန် အဖွင့်မေးခွန်းကို ပိုသုံးရန်လိုအပ်ကြောင်း၊ ကျား/မတို့အကြား ညီတူညီမျှ ဖြန့်ကျက်မေးမြန်းရန်လိုအပ်ကြောင်း မြချမ်းနှင့်အိမ့်ချစ်တို့ ဆုံးဖြတ်ကြပါသည်။ သင်ယူသူတို့ မေးခွန်းများကို ပိုတွေးပိုမေးစေရေး အားပေးရန်လိုအပ်ပါသည်။ သင်ယူသူတစ်ဦးချင်း၏ လိုအပ်ချက်များနှင့်ကိုက်ညီရန် မေးခွန်းများကို ကွဲပြားအောင် ခွဲခြားမေးမြန်းခြင်းဖြင့် သင်ယူသူအားလုံးကို အားပေးရန် သေသေချာချာစဉ်းစားရပါမည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

**ပြန်လည်သုံးသပ်ချက်**

အိမ်ချစ်နှင့် မြချမ်းတို့နှစ်ယောက်လုံးသည် ဤအသေးစားသုတေသနလုပ်ငန်းမှ သင်ခန်းစာများရခဲ့ပါသည်။ မိမိတို့အတန်းတွင် မေးခွန်းမေးမြန်းသည့်နည်းများ တိုးတက်စေရမည်ဖြစ်ကြောင်း၊ ကြိမ်နှုန်းပြဇယားသုံးပြီး အချင်းချင်း နောက်တစ်ကြိမ် ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း ဆုံးဖြတ်ကြပါသည်။ ရလဒ်ကို ပထမအကြိမ်နှင့် ပြန်လည်နှိုင်းယှဉ်ပါမည်။ ဆက်လက် တိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ပါမည်။ ၎င်းတို့ကျောင်းမှ လုပ်ဖော်ကိုင်ဖက်များကလည်း အလားတူသုတေသနလုပ်ရန် များစွာ စိတ်အားထက်သန်နေပါသည်။

## ၃. လုပ်ဆောင်မှုသုတေသနမိတ်ဆက်

မေးခွန်းအမျိုးအစားနှင့် မိမိအတန်းတွင်း အသုံးချသည့်ကြိမ်နှုန်းကို ယခုသင်လုပ်ခဲ့သည့်စူးစမ်းမှုမှာ အသေးစား **လုပ်ဆောင်မှုသုတေသနလုပ်ငန်း** ဥပမာတစ်ခုဖြစ်ပါသည်။

မိမိ၏အနာဂတ်စာသင်ခန်းအလေ့အကျင့်တိုးတက်ရေးနှင့်စပ်လျဉ်း၍ နောက်ထပ်မေးခွန်းများ ရှိသေးလျှင် ဤချဉ်းကပ်နည်းကို အသုံးပြုနိုင်ပါသည်။ အောက်ပါဇယားတွင် သုတေသနစက်ဝန်းကို ပြသထားပါသည်။

သတိမူရန်

၁) မေးခွန်းကို သတ်မှတ်ပုံ

၂) ၎င်းမေးခွန်းကိုဖြေဆိုရန် စီစဉ်ပုံ

၃) သင်ကြားမှုကို ကြည့်ရှုလေ့လာပုံ

၄) ကြည့်ရှုလေ့လာမှ ရလာသောအချက်အလက်များကို ပြန်လှန်သုံးသပ်ပုံ

၅) သင်ကြားမှုကို ပိုမိုကောင်းမွန်တိုးတက်အောင်စီစဉ်ပုံ

မိမိအတန်းတွင်းမေးခွန်းထုတ်ရန် ပိုမိုစိတ်ချလာသည့်တိုင် စက်ဝန်းလည်ပတ်ပါမည်။



Funded by: UKaid



## လုပ်ဆောင်ချက် ၆.၈ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း

R ပြန်လည်သုံးသပ်ချက် - **'အားလုံးအကျုံးဝင်မှုအတွက် မေးခွန်းထုတ်နည်းများ'** ကို သင် ယခု မည်မျှနားလည်သည်ဟု ထင်ပါသနည်း။ အောက်ပါစကေးမှ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှု ဂျာနယ်တွင် ဖြေဆိုပါ။

| သိပ် နားမလည်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | ကောင်းကောင်း နားလည်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

## ၄. ထိရောက်သောတုံ့ပြန်ဖြေကြားမှု

တုံ့ပြန်ဖြေကြားမှု ထိရောက်စေရန် ဆရာ/မနှင့် သင်ယူသူတို့အကြား ယုံကြည်မှုရှိရပါမည်။ ယခင်သင်ရိုးပိုင်းပါ အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးမှုအကြောင်း ဆွေးနွေးချက်များသည် ဆရာ/မနှင့်သင်ယူသူတို့အကြား ယုံကြည်မှု တည်ဆောက်နိုင်ရန် ခိုင်မာသော အခြေခံကို တည်ဆောက်ပေးခဲ့ပါသည်။

### လုပ်ဆောင်ချက် ၆.၉ - တုံ့ပြန်ဖြေကြားမှုအဆိုများကို အဆင့်သတ်မှတ်ခြင်း (၂၀ မိနစ်)

A

၁. မိမိအတွက်အရေးပါမှုအလိုက် အဆိုများကို အဆင့်သတ်မှတ်ပါ။

၂. အဘယ်ကြောင့်ထိုသို့ အဆင့်သတ်မှတ်ကြောင်းရှင်းပြပါ။

ဥပမာ

၁. အရေး**အကြီးဆုံး**မှ အရေး**မကြီးဆုံး**သို့ = ၄၊ ၂၊ ၅၊ ၁၊ ၃

၂. **အကြောင်းမှာ** ----- စသည်ဖြင့်




မိမိအတွေးကို သင်ယူမှုဂျာနယ်တွင်ရေးပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

## လုပ်ဆောင်ချက် ၆.၉ အဖြေ - တုံ့ပြန်ဖြေကြားမှုအဆိုများအကြောင်း ဆွေးနွေးချက်

အဆိုတစ်ခုချင်းသည် ထိရောက်သည့်တုံ့ပြန်ဖြေကြားမှုဆိုင်ရာ အခြေခံအကြောင်းအချက်များနှင့်ပတ်သက်၍ အရေးကြီးသည့် အချက်ကို ဆွေးနွေးသွားပါသည်။ အဆင့်သတ်မှတ်ရာတွင် အမှားအမှန်မရှိပါ။ အောက်ပါအဖြေများကိုလည်း အဆင့်သတ်မှတ်ထားခြင်း မရှိပါ။

၁. ထိရောက်စွာတုံ့ပြန်ဖြေကြားရာတွင် လုပ်ဆောင်စဉ်(သို့)လုပ်ဆောင်ပြီးစ စောနိုင်သမျှစောစော ပေးရန်လိုအပ်ပါသည်။ သီတင်းပတ် အတော်ကြာမှ တုံ့ပြန်ဖြေကြားလျှင်အကျိုးမရှိပါ။

၂. သင်ယူသူတို့က အဆင့်ကို (A, B --- E စသည်ဖြင့်) အာရုံစိုက်လေ့ရှိသည်။ စာဖြင့်တုံ့ပြန်ဖြေကြားချက်များကို ဖတ်လေ့မရှိပါ။

၃. မေးခွန်းမေးသည့်အခါမှာကဲ့သို့ပင် သင်ယူသူတို့၏ တုံ့ပြန်ဖြေကြားမှုကို ဆရာ/မတို့နားထောင်ရန် အရေးကြီးပါသည်။

၄. သင်ယူသူတို့ အမှားလုပ်ရန် လိုလိုချင်ချင်ရှိကြပါမှ ပိုမိုကောင်းမွန်တိုးတက်နိုင်ရေးအတွက် ဆရာ/မက တုံ့ပြန်ဖြေကြားမှုကို လက်ခံအသုံးချပါလိမ့်မည်။

၅. လှုပ်ထားချက်၊ ကျွမ်းကျင်မှုတို့နှင့် ချိတ်မထားလျှင် သင်ယူသူတို့ရည်မှန်းရာသို့ ထိထိရောက်ရောက် ဆက်လက်တိုးတက်စေမည် မဟုတ်ပါ။

## လုပ်ဆောင်ချက် ၆.၁၀ - တုံ့ပြန်ဖြေကြားမှုအရေးပါပုံ (၃၀ မိနစ်)

ထိရောက်သောတုံ့ပြန်ဖြေကြားမှုအကြောင်း ဗီဒီယိုကားတိုတစ်ကားကိုကြည့်ပြီး သင်ယူမှုဂျာနယ်တွင် မေးခွန်းများဖြေဆိုပါ။

၁. **အနှစ်ချုပ်ပါ** - ထိရောက်သောတုံ့ပြန်ဖြေကြားမှု၏ အရေးကြီးသည့် အချက်များကို အနှစ်ချုပ်ပါ။

၂. **စဉ်းစားချိန်ပေးပါ** - ထိရောက်သောတုံ့ပြန်ဖြေကြားမှုရရှိခဲ့သည့်ကာလ တစ်ခုအကြောင်းတွေးပါ။ အဘယ်ကြောင့်ထိရောက်ပါသနည်း။

၃. သင်ယူသူတို့အချင်းချင်းအကြား သင် မည်မျှတုံ့ပြန်ဖြေကြားစေပါသနည်း။

၄. ထိထိရောက်ရောက်တုံ့ပြန်ဖြေကြားမှုသည် သင်ယူမှုကို ၈ လအတွင်း တိုးတက်စေနိုင်မည်ဟု ဗီဒီယိုတွင် ဆိုပါသည်။ ကျောင်းသူ/သားများ၏ သင်ယူမှုအပေါ် တုံ့ပြန်ဖြေကြားပုံ၏သက်ရောက်မှုကို ဂျွန်ဟက်တီက ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြု မှတ်တမ်းတင်ခဲ့ပါသည်။ နောက်တစ်ပိုင်းတွင် ဆက်လက်လေ့လာမည်ဖြစ်သော်လည်း ၎င်းသုတေသနကို ရှာဖွေကြည့်ရှုသင့်ပါသည်။



Effective feedback animation - https://www.youtube.com/watch?v=LjCzbSLyIwI

၅. သင်ယူသူတို့ထံမှရသည့်တုံ့ပြန်ဖြေကြားမှုကို သင်မည်ကဲ့သို့သုံးမည်နည်း။ နောက်လုပ်မည့်အရာ၊ သင်ကြားမည့်အရာအပေါ် သက်ရောက်မှု ရှိပါသလား။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

**ဘာ**

သင်ယူသူများ ဘယ်သို့ ဦးတည်နေပါသနည်း။
**ပန်းတိုင်သတ်မှတ်ခြင်း**

သင်ယူသူများ ဘယ်မှာရှိနေပါသနည်း။
**အထောက်အထားရယူပါ**

သင်ယူသူများ မည်သို့ ရောက်ရှိနိုင်ပါသနည်း။
**ရှင်းလင်းသည့်အဆင့်များ**

**ဘယ်သူ**

ဆရာ/မ

အခြားကျောင်းသူ/သားများ

၎င်းတို့ကိုယ်တိုင်

**အကြောင်း**

လုပ်ဆောင်ဖွယ်

သင်ယူမှု လုပ်ငန်းစဉ်

ကျောင်းသူ/သား ကိုယ်တိုင် ကြပ်မတ်ခြင်း

**အကျိုး ကျေးဇူး**

ပိုမိုအားထုတ်မှု

ပိုမိုကောင်းမွန်သည့်ရလဒ်များ

ထိရောက်သော သင်ယူမှုဗျူဟာများ

ပိုမိုကောင်းမွန်သည့်ကိုယ်တိုင်ကြပ်မတ်မှု

သင်ယူတတ်မြောက်မှုသာမက လိုက်လျောညီထွေရှိရန်သင်ကြားနိုင်စွမ်း

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid
ဗြိတိသျှပြည်သူများမှ လှူဒါန်းသည်

Towards Results in Education & English

## ၄.၁ တုံ့ပြန်ဖြေကြားမှု - ဘယ်လို စလုပ်မှာလဲ

ထိထိရောက်ရောက် တုံ့ပြန်ဖြေကြားခြင်းဖြင့် သင်ယူသူတို့၏ပညာရေးရလဒ်နှင့် သင်ယူသူတို့အားထုတ်မှုတို့ကို တိုးတက်စေနိုင်ပါသည်။ မိမိကိုယ်မိမိကြပ်မတ်ခြင်းကို ပိုမိုကောင်းမွန်တိုးတက်စေခြင်းဖြင့် သင်ယူသူတို့သည် ၎င်းတို့ကိုသင်ကြားထားသည့် သင်ယူမှုဗျူဟာများကို အသုံးပြုရာတွင် ပိုမိုမှီခိုမှုကင်းပြီး ယုံကြည်စိတ်ချလာပါမည်။ ဆရာ/မ၊ သူငယ်ချင်းများထံမှ တုံ့ပြန်ဖြေကြားမှုရရှိသည့်အခါ သင်ယူမှုတွင် ပိုမိုတက်ကြွစွာကိုယ်တိုင်လုပ်ဆောင်လာကြပါမည်။ သင်ယူသူတစ်ဦးချင်းအကြောင်းနှင့် အားလုံးအကျုံးဝင်အလေ့အကျင့်အကြောင်းတို့ကို စဉ်းစားရာတွင် သင်ယူသူတို့အကြောင်းကိုသိရှိပြီး ယုံကြည်မှုတည်ဆောက်မှသာ တုံ့ပြန်ဖြေကြားမှုသည် ၎င်းတို့၏သင်ယူမှုအပေါ် သက်ရောက်မှုအများဆုံးရှိလာပေမည်။

### တာဝန်ယူတုံ့ပြန်ဖြေကြားပါ

တိကျပါစေ

ရွေးချယ်စရာပေးပါ

အခြားလုပ်စရာများပေးပါ





ပေါ်လွင်အောင် သရုပ်ဖော်ပါ

ပြောင်းလဲနိုင်သည့် အပြုအမူကို ညွှန်းဆိုပါ

အပြုသဘောဖြင့်စတင်ပါ

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

## လုပ်ဆောင်ချက် ၆.၁၁ - တုံ့ပြန်ဖြေကြားမှုအဆိုများကို အဆင့်သတ်မှတ်ခြင်း (၂၀ မိနစ်)

| အပြုသဘောဖြင့် စတင်ပါ | တာဝန်ယူ တုံ့ပြန်ဖြေကြားပါ | ရွေးချယ်စရာ ပေးပါ | အခြား လုပ်စရာများ ပေးပါ | တိကျပါစေ | ပြောင်းလဲနိုင်သည့် အပြုအမူကို ညွှန်းဆိုပါ | ပေါ်လွင်အောင် သရုပ်ဖော်ပါ |
|---|---|---|---|---|---|---|

အောက်ပါတို့ကိုဖတ်ရှုပြီး စကားလုံးအမှန်နှင့်တွဲပါ။ သင်ယူမှုဂျာနယ်တွင် အဖြေရေးပါ။

၁ လူအများစုသည် အားပေးမှုရရန်လိုအပ်ပြီး တစ်စုံတစ်ရာကို ကောင်းမွန်စွာလုပ်နေသည့်အခါ အသိအမှတ်ပြုပေးရန် လိုပါသည်။ မိမိကတုံ့ပြန်ဖြေကြားစဉ် မည်သည်ကအဆင်ပြေနေကြောင်း ၎င်းတို့ပထမဦးဆုံးကြားရလျှင် အလွန်အထောက်အကူ ဖြစ်ပါသည်။ ဥပမာ 'ကျောင်းသားတွေကို ဆရာ/မက အဖြေတိုက်ခွင့်ပေးတာကို တစ်ကယ်ကြိုက်ပါတယ်။'

၂ တုံ့ပြန်ဖြေကြားစဉ် အသုံးမတည့်လှသော ယေဘုယျမှတ်ချက်များကို ရှောင်ရှားပါ။ ဥပမာ "အရမ်းတော်တာပဲ" "မင်းသင်ခန်းစာတစ်ကယ်ဆိုးတာပဲ"ဟုပြောဆိုခြင်း။ အချက်အလက် လုံလုံလောက်လောက် မပေးသောကြောင့် ၎င်းတို့သည် အသုံးမဝင်ပါ။ ဘယ်အရာကြောင့် 'အလွန်တော်ကြောင်း' (သို့) 'တစ်ကယ်ဆိုးကြောင်း' ကြိုးစားဖော်ထုတ်ပါ။

၃ တစ်စုံတစ်ယောက်အား သူထိန်းချုပ်နိုင်ခြင်း မရှိသောအရာများအကြောင်း တုံ့ပြန်ဖြေကြားလျှင် အကျိုးမရှိပါ။ ဥပမာ 'ခင်ဗျားအသံ/မျက်နှာ စသည်ဖြင့် မကြိုက်ဘူး' (သို့) "ခင်ဗျားက အရပ်ရှည်/နိမ့်တဲ့ဆရာပဲ"။ ထိုအချက်ကိုသိလည်း ဘာမှလုပ်နိုင်မည်မဟုတ်ပါ။ အသံသုံးပုံနှင့် သင်ယူမှုအပေါ်သက်ရောက်ပုံ(သို့)ကျောင်းသူ/သားများကို စကားပြောသည့်အခါ အရပ်အမောင်းအကြောင်း ထည့်တွေးရန်လိုမလို စဉ်းစားပါ။ ဥပမာ ကျောင်းသူ/သားများနှင့်စကားပြောလျှင် အရပ်တစ်တန်းတည်း ဖြစ်စေရန်။

၄ မဟုတ်သည်ကိုမဟုတ်ကြောင်း တုံ့ပြန်ဖြေကြားသည့်အခါ ဝေဖန်မည့်အစား မည်သို့ပြုပြင်နိုင်ပုံကို အကြံပြုပါ။

၅ တစ်စုံတစ်ခုက'ကောင်းသည်' 'ဆိုးသည်'ဟုပြောမည့်အစား မိမိမြင်လိုက်၊ ကြားလိုက်ရသည့်အရာ၊ မိမိအပေါ် သက်ရောက်ပုံကိုပြောပြပါ။

၆ သူတစ်ပါးနှင့်ထူးမခြားနားသည့်အဖြေမျိုးဟု ယူဆသည့် 'သင်လုပ်ခဲ့သည်...' (သို့)'သင်ဖြစ်ခဲ့သည်...' ဟုဆိုရန် အလွန်လွယ်ကူပါသည်။ တွေ့မြင်ကြုံကြိုက်ရသည့်အပေါ် မိမိအတွေးအမြင်ကို ပြောပြနေခြင်းဖြစ်ကြောင်း ရှင်းပြရန် အရေးကြီးပါသည်။ လုပ်နေကျအလုပ်ကို ထင်ဟပ်ချင်မှ ထင်ဟပ်ပါလိမ့်မည်။

၇ ကောင်းမွန်သည့် တုံ့ပြန်ဖြေကြားမှုတွင် အချက်အလက်ပါပြီး လက်ခံသူမှ စိတ်ကြိုက်သုံးပါမည်။ အချက်အလက် လက်ခံပုံနှင့် ပြောင်းလဲရန်ဆန္ဒရှိမရှိ ၎င်းတို့မှဆုံးဖြတ်ချက်ချပါမည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid



## လုပ်ဆောင်ချက် ၆.၁၁ အဖြေ

| အပြုသဘောဖြင့် စတင်ပါ | တာဝန်ယူ တုံ့ပြန်ဖြေကြားပါ | ရွေးချယ်စရာ ပေးပါ | အခြား လုပ်စရာများ ပေးပါ | တိကျပါစေ | ပြောင်းလဲနိုင်သည့် အပြုအမူကို ညွှန်းဆိုပါ | ပေါ်လွင်အောင် သရုပ်ဖော်ပါ |
|---|---|---|---|---|---|---|
| ၁ | ၆ | ၇ | ၄ | ၂ | ၃ | ၅ |

## ၄.၁.၂ အပြုသဘောဆောင် စတင်ပြီး တိတိကျကျပြောပါ

မိမိတုံ့ပြန်ဖြေကြားမှုများ မည်မျှ တိကျပြီး အပြုသဘောဆောင်ကြောင်း စဉ်းစားပါ။ ကျောင်းသူ/သားများကို ယေဘုယျဆန်သည့် ‘တော်လိုက်တာ’ဟူ၍**ချီးကျူး**ပါသလား။ အပြုသဘောဆောင်သော်ငြားလည်း သင်ယူမှုနှင့် အဆက်အစပ်လည်းမရှိ၊ တစ်ကယ်ပြောခြင်းဟုတ်မဟုတ်လည်း မသိနိုင်ပါ။ ယဉ်ကျေးမှုအတော်များများတွင် အနုတ်သဘောဆောင်ကာ အားသာချက်ထက်အမှားကို ဦးတည်စူးစိုက်ပြောလေ့ရှိကြသည်။ ကောင်းသည့်အချက်ကို ဦးစွာပြောလျှင် မကောင်းသည့် တုံ့ပြန်မှုကိုပိုမိုနားထောင်ပြီး လိုက်နာဆောင်ရွက်နိုင်ချေများပါသည်။ ဆရာ/မတို့ တုံ့ပြန်ဖြေကြားပုံ၊ သင်ယူသူတို့ ကြားနာမှတ်သားပုံတို့ကို အောက်မှာကြည့်ပါ။







Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

**မှတ်ချက် -** ဦးစွာ ဆရာမက စုခိုင်ကို ချီးကျူးရာတွင် ခိုင်းလိုက်သည့်အလုပ်နှင့် တိုက်ရိုက်ဆက်နွယ်ခြင်းမရှိပါ။ စုခိုင်က သူမည်မျှတော်ကြောင်းကိုသာကြားပြီး နောက်တစ်ကြိမ် မည်ကဲ့သို့ တိုးတက်အောင် လုပ်ရမည်ကို သတိမမူမိပါ။

'သမီးအရုပ်ဆွဲတာ အရောင်အသွေးစုံပြီး အဖြေတွေကလည်း စိတ်ဝင်စားစရာကောင်းတယ်'ဟု စတင်ခဲ့လျှင် စုခိုင်သည် သူ လုပ်ထားသည့်အလုပ်နှင့်ဆက်စပ်သည့် အပြုသဘောဆောင်သော တုံ့ပြန်ဖြေကြားမှုကို ကြားပါမည်။ အဆုံးတွင် တိတိကျကျ တုံ့ပြန်ဖြေကြားမှုကြောင့် သင်ယူတတ်မြောက်ရန်အခွင့်အလမ်း ရရှိပါသည်။

## ၄.၁.၃ ပေါ်လွင်စွာ သရုပ်ဖော်ပါ

မိမိတို့တုံ့ပြန်ဖြေကြားမှု ပိုမိုပေါ်လွင်လျှင် အထူးသဖြင့် တစ်ကယ်လုပ်ရမည့်အလုပ်ကို မည်မျှကောင်းမွန်စွာလုပ်ခဲ့ကြောင်း ဦးတည်ပြောခဲ့လျှင် ပိုမိုလက်တွေ့ကျပါလိမ့်မည်။ အောက်ပါဥပမာတွင် ဆရာ/မက မည်သို့တုံ့ပြန်ဖြေကြားကြောင်း၊ သင်ယူသူက ဘာကိုမှတ်သားသွားနိုင်ကြောင်းကြည့်ပါ။



နိုင်ရေ - မင်းရဲ့ရေးဖြေတွေက ပေါ်လွင်ပြီး အချက်အလက်တွေပါတယ်။ 'ဆွဲငင်အား'ကို အလွန်ရှင်းအောင် ရှင်းပြနိုင်ပါတယ်။ သမိုင်းနောက်ခံတော့ မပါဘူးပေါ့။

ဒုတိယပိုင်းမှာကျတော့ နျူတန်ပုံဆွဲပြီး မှန်ကန်တဲ့ခေတ်ကာလနဲ့တွဲထားတာ စိတ်ဝင်စားစရာပဲ။ ဆွဲထားတဲ့အပင်ကတော့ ကျွန်းပင်ဖြစ်နေတယ်။

ရေးထားတဲ့အထဲ လွတ်နေတဲ့ သမိုင်းကြောင်းကို ပြန်ဖြည့်လိုက်ပါလား။ ဒါမှမဟုတ် နျူတန် ပန်းသီးပင်အောက်မှာ ထိုင်တဲ့ပုံကို ပြန်ဆွဲလိုက်ပါလား။

ဟုတ်ကဲ့ ဆရာမ။ ဘာလုပ်ရမယ်ဆိုတာ ရှင်းရှင်းသိပါပြီ။





**နိုင်ရေ - မင်းလုပ်ရမှာတွေ ဆရာမကို ပြန်ပြောပြပါလား။**

**မှတ်ချက် -** နိုင်ကမှန်မှန်ကန်ကန်လုပ်ခဲ့သည်များကို ဆရာမက စပြောပြီး ပြုပြင်ရန်လိုအပ်သည်များကို ဆက်လက် ဖော်ပြပါသည်။ ကလေးက မည်သို့ ပြုပြင်ရမည်ဆိုသည်ကိုလည်း ဆရာမက ရွေးချယ်ခွင့်ပေးရန်လည်း အရေးကြီးပါသည်။ ထို့နောက် တုံ့ပြန်ဖြေကြားမှုကို ပြန်ပြောပြစေခြင်းဖြင့် လုပ်ရမည့်အရာကို နားလည်မလည် သေချာစေပါသည်။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

## ၄.၁.၄ ပြောင်းလဲနိုင်သည့် အပြုအမူကို ညွှန်းဆိုပြီး ရွေးစရာပေးပါ

တုံ့ပြန်ဖြေကြားကြသည့်အခါ ပြောင်းလဲနိုင်သည့်အပြုအမူကို ဆွေးနွေးရန်အရေးကြီးပါသည်။ ပုဂ္ဂိုလ်ရေးဆန်လွန်းခြင်း (သို့) စိတ်ကွက်စေခြင်းစသည့် ဘေးအန္တရာယ်မှ ဝေးကွာနိုင်ပါသည်။

အမှားအယွင်းအကြောင်း တုံ့ပြန်လိုစိတ်ကို အပြုသဘောဆောင်သည့် အကြံပြုချက်အဖြစ် ပြောင်းလဲပါ။ ဥပမာ ‘နောက်နားမှာရှိတဲ့ ကျောင်းသားတွေ ဆရာ/မ အသံကို သိပ်မကြားရဘူးလို့ထင်တယ်။ ဆရာ/မအသံကြားပြီး စိတ်ဝင်စားနေအောင် ဘယ်လိုလုပ်နိုင်မယ် ထင်ပါသလဲ။ အသံခပ်ကျယ်ကျယ်ပြောတာမျိုး၊ စကားပြောချိန်မှာ အတန်းတွင်းလှည့်ပြီး သွားတာမျိုး တွေးမိသေးလား။’







**မှတ်ချက်-** ‘သမီးအလုပ်မပြီးသေးဘူး’ဟုပြောမည့်အစား စုခိုင်၏ အောင်မြင်မှုကို ထောက်ပြကြောင်းသတိမူပါ။ နောင်လုပ်မည့်အလုပ်များအတွက် စုခိုင်အကောင်းဆုံးဟုယူဆသည်ကို ကိုယ်တိုင်ဆုံးဖြတ်ချက်ချခွင့်ပေးသည်ဖြစ်ရာ ဆရာ/မက မြင်လိုသော အပြောင်းအလဲအပေါ် သက်ရောက်မှု ပိုမိုကြီးမားစေနိုင်ပါမည်။

## ၄.၁.၅ တာဝန်ယူတုံ့ပြန်ဖြေကြားပြီး ရွေးချယ်စရာပေးပါ

မိမိတို့၏တုံ့ပြန်ဖြေကြားမှုကိုလည်းကောင်း၊ ၎င်း၏သက်ရောက်မှုကိုလည်းကောင်း တာဝန်ယူခြင်းဖြစ်ပါသည်။ မည်သူ့ကို တုံ့ပြန်ဖြေကြားနေသည့်အပေါ်မူတည်၍ ဖြေကြားပုံ၊ ပြောဆိုပုံ ပြောင်းလဲနိုင်ပါသည်။ ဥပမာ အချို့ကျောင်းသူ/သားတို့သည် အရေးကြီးသောနယ်ပယ်တစ်ခုအတွက် တုံ့ပြန်ဖြေကြားမှုလိုနိုင်ပြီး အခြားသူများသည် ထို့ထက်ပိုသည့် တုံ့ပြန်ဖြေကြားမှုကို နိုင်နိုင်နင်းနင်းလက်ခံနိုင်ပေမည်။ သင်ယူသူတို့ကိုရွေးချယ်စရာပေးခြင်းဖြင့် အပြောင်းအလဲကိုကိုယ်တိုင်ကိုယ်ကျ တာဝန်ယူ

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

လုပ်ဆောင်စေပါမည်။ သင်ယူသူတို့၏လုပ်ပိုင်ခွင့်ကို အားပေးပြီး ၎င်းတို့လုပ်စရာတို့ကို ကိုယ်တိုင်စောင့်ကြည့်လေ့လာ၊ စုစည်းလုပ်ဆောင်၊ အစီအစဉ်ဆွဲနိုင်မည့် ကျွမ်းကျင်မှုများလည်း ဖွံ့ဖြိုးလာပါမည်။



နိုင်ရေ - မင်းရဲ့အဖြေတွေကိုကြည့်လိုက်တော့ ရေးဖြေမေးခွန်းကို ဖြေနိုင်ဖို့ အရင်းအမြစ်မျိုးစုံ သုံးထားတာ တွေ့ရတယ်။ တွေ့ဆုံမေးမြန်းဖို့ တော်တော်စိတ်ဝင်စားစရာကောင်းတဲ့သူတွေကို ရွေးချယ်ထားတာပဲ။ ဆွဲငင်အား အကြောင်း ဒီ့ထက်ပိုသိအောင် ဘယ်လိုလုပ်မလဲ။ သုတေသနဆက်လုပ်မလား၊ ဒီထက်ပိုလက်တွေ့ကျတာလုပ်မလား။

မင်းဆွဲလိုက်တဲ့ပုံက သမိုင်းကာလနဲ့ အဆီအငေါ်တည့်တယ်။ ပြီးခဲ့တဲ့ပုံဆွဲပြီးကတည်းက ဆရာမအကြံပေးခဲ့တဲ့အတိုင်း သစ်ပင်တွေကို ဘယ်လိုရောင်စုံခြယ်မလဲဆိုတာကို စူးစမ်းထားတာပဲ။

ဆရာမ။။ သားဦးလေးက တက္ကသိုလ်က သိပ္ပံပညာရှင်ပါ။ သူ့ဆီသွားလည်ပြီး ဓာတ်ခွဲခန်းကြည့်လို့ရမရ မေးပြီးပါပြီ။ တခြားကျောင်းသူ/သားတွေ စိတ်ဝင်စားရင် ခေါ်သွားလို့ရပါတယ်။

ဆရာ/မပြန်ပြောတာတွေ သားဖတ်ပြီး ယူကျူ့ပေါ်မှာ ပန်းချီဆွဲနည်းတွေ ကြည့်ခဲ့ပါတယ်။ ဆက်ပြီး တိုးတက်အောင်လုပ်ဖို့ နေရာတွေကိုလည်း ရှင်းရှင်းလင်းလင်း သိပါပြီ။



**မှတ်ချက် -** နိုင်ကို တုံ့ပြန်ဖြေကြားရာတွင် ဆရာမသည် သူ့အမြင်ကိုပြောပြပါသည်။ ယခင်လုပ်ခိုင်းထားသည်များမှ နိုင် လုပ်နိုင်သည်ကို ဦးတည်ပြောဆိုပြီး ဆက်လက်တိုးတက်အောင် လုပ်နိုင်သည့်အရာများကို ရွေးချယ်ခွင့်ပေးပါသည်။ အထက်ပါ ဥပမာတစ်ခုချင်းသည် သင်ယူသူ၏ သတိမူမှုနှင့် ဆရာကိုမမှီခိုဘဲတိုးတက်နိုင်ချေ ရှိကြောင်း ပြသပါသည်။

## ၄.၂ ဖုံးကွယ်မှုရှိသော တုံ့ပြန်ဖြေကြားမှုများ



ပြီးခဲ့သည့် ၄.၁ မှ ပထမဥပမာတွင် သင်ယူသူက 'ငါတော်တယ်'ဟူသော အတွေးသာရသွားပြီး ဆရာ/မက ပိုမိုတိကျစွာဖြေကြားချက်ကို မကြားပါ။ ချီးကျူးခြင်းဖြင့် သင်ယူမှုတွင် စိတ်အားတက်ကြွစေနိုင်သော်လည်း ကျောင်းသူကျောင်းသားများ ဆက်လက်တိုးတက်သင်ယူမှုကို အထောက်အကူပြုမည့် ရည်ရွယ်ထားသည့် တုံ့ပြန်ဖြေကြားမှုကို မဖုံးကွယ်သင့်၊ မလွှမ်းမိုးသင့်ပါ။



https://pixabay.com/vectors/feedback-opinion-gut-bad-neutral-1311638/
Creative Commons

ကလေးငယ်များအား တုံ့ပြန်ဖြေကြားရန်သုံးသည့် ပုံများကိုကြည့်ပါ။ သင်ယူသူတို့မှ ဘယ်ပုံကိုမြင်လိုမည်ဟု ထင်ပါသနည်း။ အပြုံးမျက်နှာ၊ အမှန်ခြစ်နှင့် လက်မထောင်သည်ကို မည်လိုပါမည်လား။ ဤနည်းဖြင့် သင်ယူသူတို့ကို တုံ့ပြန်ဖြေကြားစေလျှင် ကြက်ခြေခတ်နှင့် အငိုမျက်နှာ မြင်ရသည့်အခါ မကောင်းပါဟူ၍ အသိပေးရာရောက်ပါသည်။ ယခင်သင်ရိုးပိုင်းများတွင် အမှားကို သင်ယူမှုအခွင့်အလမ်းအဖြစ်သုံးရန် ပြောခဲ့သည့်အလျောက်

Funded by:

သင်ယူမှုဖြစ်စဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စွန့်စားရန်၊ အမှားလုပ်ရန် မကြောက်ရွံ့ဘဲ အမှားလုပ်မိခြင်းကို ကြိုဆို လက်ခံကြရန် အရေးကြီးပါသည်။

## ၄.၃. တုံ့ပြန်ဖြေကြားမှုနှင့် အားလုံးအကျုံးဝင်အလေ့အကျင့်

သင့်ပညာရေးအခင်းအကျင်းရှိ သင်ယူသူများ၊ အထူးသဖြင့် ထပ်မံပံ့ပိုးရန်လိုအပ်သူများအကြောင်းတွေးပါ။ ထိုသင်ယူသူများသည် အတန်းဖော်တို့ထက် ပညာရေးအရ သာလွန်ကောင်းသာလွန်မည်ဖြစ်သော်လည်း မိမိတို့ မိခင်ဘာသာစကားဖြင့် မလေ့လာရခြင်း၊ အမြင်အာရုံချို့တဲ့ခြင်း စသည့် သင်ယူမှုအခက်အခဲများကို ကြုံနိုင်ချေရှိပါသည်။ သင်ယူသူအားလုံးအား မဖြစ်မနေ ထိထိရောက်ရောက် တုံ့ပြန်ဖြေကြားရပါမည်။

ထိရောက်စွာတုံ့ပြန်ဖြေကြားခြင်း၏ အောက်ပါအကျိုးဆက်များကို ဖတ်ပါ။

- သူ့ကိုလက်ခံသည်ဟုသင်ယူသူမှခံစားရပါမည်။ သူ၏အားထုတ်မှုကို အသိအမှတ်ပြု တန်ဖိုးထားပါသည်။
- မိမိကိုယ်မိမိတန်ဖိုးထားမှုနှင့် အလုပ်ကိုအလေးထားမှုတိုးလာသည်။
- နားလည်ပြီးတိုးတက်လာသောကြောင့် နက်နက်နဲနဲ တတ်မြောက်နိုင်ချေရှိပါသည်။ ပန်းတိုင်၊ အောင်မြင်ရေးစံသတ်မှတ်ချက်များနှင့် လုပ်ဆောင်ချက်များကို ဦးတည်စူးစိုက်ပါသည်။
- ကျောင်းသူ/သားများသည် ပိုမိုစွန့်စားရန်နှင့် စိန်ခေါ်မှုကိုလက်ခံရန် ပိုမိုအဆင်သင့်ဖြစ်လာကြပါသည်။ မိမိကိုယ်မိမိတန်ဖိုးထားမှုသည် အခြားသင်ယူသူများနှင့် နှိုင်းယှဉ်မှုမှ ရရှိခြင်းမဟုတ် ပင်ကိုယ်အားထုတ်မှုကြောင့်သာလျှင် ဖြစ်ပါသည်။
- စိတ်ဝင်စားမှု၊ အားထုတ်မှု၊ ဇွဲကောင်းမှု၊ မိမိကိုယ်မိမိတန်ဖိုးထားမှုနှင့် ယုံကြည်မှုတိုးလာသည်။
- အနေးနှင့်အမြန် - 'သင်ယူရင်း လုပ်ရည်ကိုင်ရည်တက်လာခြင်း'
- သင်ယူမှုကိုစွမ်းအားဖြည့်ခြင်း - 'မိမိဘာသာ ပြဿနာအဖြေရှာပြီး အောင်မြင်ပါမည်'။
- သင်ယူတတ်မြောက်ရန် အချိန်၊ အားထုတ်မှု၊ အမှားပြင်ထားသည့်အလေ့အကျင့်၊ မှန်ကန်သည့်ဗျူဟာများအပေါ် မူတည်ပါသည်။

Adapted from 'Evidence based Teaching (2nd edition)', G. Petty, 2009

Implemented by:

Funded by: UKaid

Towards Results in Education & English

## ထိရောက်သောတုံ့ပြန်ဖြေကြားမှုအကြောင်း ဆွေးနွေးချက်

### ထိရောက်သောတုံ့ပြန်ဖြေကြားမှုဆိုင်ရာ အဓိကအချက်များ

- တုံ့ပြန်ဖြေကြားနိုင်ရန် ရှင်းလင်းသော အောင်မြင်မှုစံပြုပုံစံရှိရပါမည်။ အောင်မြင်မှုအတွက် သွားရမည့် အဆင့်များ ရှင်းရှင်းလင်းလင်းရှိစေရန် ဤပုံစံသည် အောင်မြင်မှုအတွက် စံသတ်မှတ်ချက်များပါဝင်နိုင်ပါသည်။
- စစ်ဆေးအကဲဖြတ်ပြီးနောက် တုံ့ပြန်ဖြေကြားရန် လိုအပ်ပါသည်။
- သင်ခန်းစာမတိုင်မီ (ကနဦး)၊ သင်ကြားစဉ်(ဖွံ့ဖြိုးမှု)နှင့် အဆုံးသတ်(သင်ကြားပြီး) စစ်ဆေးအကဲဖြတ်ပြီး တုံ့ပြန်ဖြေကြားနိုင်ပါသည်။
- တုံ့ပြန်ဖြေကြားမှုသည် မိမိလုပ်ဆောင်ချက် အခြေအနေမည်သို့ရှိကြောင်း သိစေပါသည်။
- တုံ့ပြန်ဖြေကြားမှုသည် လုပ်ဆောင်စဉ် အဆင်ပြေခဲ့သည်များကိုသိစေပါသည်။
- တုံ့ပြန်ဖြေကြားမှုသည် ဘယ်အရာကို ဘယ်လိုတိုးတက်အောင်လုပ်ရန် သိစေပါသည်။
- တုံ့ပြန်ဖြေကြားမှုကို လုပ်နေစဉ်နှင့် လုပ်ပြီးစတွင် တုံ့ပြန်ဖြေကြားသင့်သည်။
- တုံ့ပြန်ဖြေကြားပြီးနောက် ပိုမိုကောင်းမွန်တိုးတက်မှုအတွက် လျာထားချက်များကို ထားရပါမည်။
- (တုံ့ပြန်ဖြေကြားပြီးချမှတ်သည့် လျာထားချက်များအရ) ရရှိလာသည့် တိုးတက်မှုကို သေသေချာချာ စစ်ဆေးရန် အရေးကြီး ပါသည်။
- အပြုသဘောဆောင်ပြီး လေးလေးစားစား တုံ့ပြန်ဖြေကြားရန်လိုပါသည်။
- တုံ့ပြန်ဖြေကြားမှုသည်အထောက်အကူဖြစ်စေကြောင်း၊ ပုဂ္ဂိုလ်ရေးအရသတ်မှတ်ဆုံးဖြတ်ချက်ချခြင်း မဟုတ်ကြောင်း ကျောင်းသူ/သားများ ရှုမြင်သင့်ပါသည်။
- သင်ယူသူတို့ကို စစ်ဆေးအကဲဖြတ်မှုအတွက်စံသတ်မှတ်ချက်များနှင့် ပန်းတိုင်များကို ရှင်းရှင်းလင်းလင်း ချပေးထားသည့်အခါ တုံ့ပြန်ဖြေကြားရန် လွယ်ကူပါသည်။ သင်ယူသူတို့ စံသတ်မှတ်ချက်များနှင့်ပန်းတိုင်များကို မည်မျှပြည့်မီနေပြီဖြစ်ကြောင်း တုံ့ပြန်ဖြေကြားနိုင်ပါသည်။

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid



# ၅. နိဂုံး

ဤသင်ရိုးပိုင်းတွင် သင် အောက်ပါတို့ကိုလုပ်ဆောင်ခဲ့ပါသည်။

၁. မေးခွန်းမေးပုံအမျိုးမျိုးနှင့် မည်သည့်အခါတွင် မေးမြန်းရန်သင့်တော်ကြောင်းကို စူးစမ်းခြင်း

၂. မိမိတို့မေးမြန်းသည့်မေးခွန်းက အနိမ့်ပိုင်း(သို့)အမြင့်ပိုင်း တွေးခေါ်မှုအပေါ်သက်ရောက်ပုံကို စဉ်းစားခြင်း

၃. လုပ်ဆောင်မှုသုတေသနအကြောင်းနှင့် မိမိအလေ့အကျင့်ကို ပြန်လည်သုံးသပ်ရာတွင်အသုံးဝင်နိုင်ပုံကို စဉ်းစားခြင်း

၄. ထိရောက်သောတုံ့ပြန်ဖြေကြားမှု၏အရေးပါပုံကိုရှင်းပြခြင်း

၅. တုံ့ပြန်ဖြေကြားမှုအဆင့်ဆင့်နှင့်အထိရောက်ဆုံးအဆင့်ကိုစူးစမ်းခြင်း

**ဤသင်ရိုးပိုင်းမှအဓိကအချက်များ**

- မေးခွန်းထိထိရောက်ရောက်မေးခြင်းဖြင့် သင်ယူသူအားလုံးအကျုံးဝင်စေပါသည်။
- သင်ယူသူတို့ စိတ်ပါဝင်စားစေ၊ မှတ်မိစေလျက် ပိုင်းခြားစိတ်ဖြာသည့်ခါနှင့် သုံးသပ်အကဲဖြတ်သည့်အခါ ၎င်းတို့ကို နားလည်ရန်နှင့် ပံ့ပိုးပေးရန် မေးခွန်းမေးနည်းအမျိုးမျိုးသုံးနိုင်ပါသည်။
- အသေးစားလုပ်ငန်းခွင်သုတေသနသည် သင်ကြား/ယူမှု တိုးတက်ပြောင်းလဲမှုကိုပံ့ပိုးပေးနိုင်ပါသည်။
- သင်ယူမှု ရှေ့သို့ဆက်လက်တိုးတက်ရွေ့လျားစေရာတွင် အသုံးဝင်ရန် တုံ့ပြန်ဖြေကြားရာတွင် မည်ကဲ့သို့ ပြောဆိုရမည်ဖြစ်ကြောင်း ဆရာ/မတို့စဉ်းစားသင့်ပါသည်။
- တုံ့ပြန်ဖြေကြားရာတွင် တိတိကျကျနှင့်အချိန်မီအောင်လုပ်ဆောင်နိုင်ပြီး လေးစားသမှုပြုရပါမည်။

Funded by: UKaid



A

## ၆. သင်ရိုးပိုင်း ၆ အဆုံးသတ်ပဟေဠိ

အောက်ပါမေးခွန်းများကို သင်ယူမှုဂျာနယ်တွင်ဖြေကြားပါ။ ရာနှုန်းပြည့် အောင်မြင်အောင်ဖြေဆိုရန် ကြိုက်သလောက် အကြိမ်ကြိမ် ဖြေဆိုနိုင်ပါသည်။ အချို့မေးခွန်းအတွက် အဖြေတစ်ခုထက်ပိုပါသည်။

မေးခွန်း ၁ - အဖွင့်မေးခွန်းနှင့်အပိတ်မေးခွန်း မည်ကဲ့သို့ခြားနားပါသနည်း။ (တစ်ခုရွေးရန်)
က) အဖွင့်မေးခွန်းများကို စီစဉ်ထားရန်မလိုပါ။ အပိတ်မေးခွန်းများကို စီစဉ်ထားရန်လိုပါသည်။
ခ) အဖွင့်မေးခွန်းများကို စာအရဆုံး ကျောင်းသူ/သားများက ဖြေဆိုနိုင်ကြပါသည်။ အပိတ်မေးခွန်းကို စာမရဆုံး ကျောင်းသူ/သားများကသာ ဖြေဆိုနိုင်ကြသည်။
ဂ) အဖွင့်မေးခွန်းဖြင့် မည်သည့်ကျောင်းသူ/သား၏ အသိပညာနှင့်နားလည်မှုကိုမဆို ပိုမိုနက်နဲစွာစူးစမ်းနိုင်ပါသည်။ အပိတ်မေးခွန်းဖြင့် အပေါ်ယံနားလည်မှုကိုသာ ယေဘုယျအားဖြင့် သိရှိနိုင်ပါသည်။

မေးခွန်း ၂ - ကျောင်းသူ/သားများကို မေးခွန်းများကွဲပြားအောင်အဘယ်ကြောင့်ခွဲခြားမေးမြန်းရန်အရေးကြီးပါသနည်း။ (တစ်ခုရွေးရန်)
က) ညီမျှမှု - ကျောင်းသူ/သားအားလုံးကို တစ်ပြေးညီဆက်ဆံသင့်ပါသည်။
ခ) အချို့ကျောင်းသူ/သားများသည် လွယ်ကူသည့် မေးခွန်းများကိုသာ ဖြေဆိုလိုကြပါသည်။
ဂ) ကျောင်းသူ/သားအားလုံးက မိမိကျွမ်းကျင်မှုလျော့က် မေးခွန်းဖြေဆိုနိုင်ရန်ဖြစ်ပါသည်။

မေးခွန်း ၃ - ကောင်းမွန်စွာတုံ့ပြန်ဖြေကြားနိုင်စေရန် အောက်ပါတို့အနက်မည်သည်ကပဓာနကျပါသနည်း။ (နှစ်ခုရွေးပါ)
က) လုပ်ဆောင်ချက်တွင်ကောင်းကောင်းလုပ်နိုင်သည့်အချက်ကိုသာဖြေကြားရန်လိုပါသည်။
ခ) လုပ်ဆောင်ချက်အပြီး မကြာမီတုံ့ပြန်ဖြေကြားရန်လိုပါသည်။
ဂ) လုပ်ဆောင်ချက်အပြီး 'ဘာကို' 'ဘယ်လို'တိုးတက်အောင်လုပ်နိုင်ရေးဖြေကြားပေးပါသည်။

မေးခွန်း ၄ - ထိရောက်သောတုံ့ပြန်ဖြေကြားပေးခြင်း၏ အကျိုးကျေးဇူးမှာ အဘယ်နည်း။ (သုံးခုရွေးပါ)
က) သင်ယူသူသည် မိမိအားလက်ခံကြောင်း၊ မိမိ၏အားထုတ်မှုကို အသိအမှတ်ပြု တန်ဖိုးထားကြောင်း ခံစားရပါသည်။
ခ) နှစ်အကုန်တွင် ဆရာ/မက တပည့်များအား ရာနှုန်းပြည့်ပေါက်မြောက်အောင်မြင်မှုကို ရစေပါမည်။
ဂ) လုပ်ဆောင်ချက်ကို စိတ်ခံစားမှုဖြင့်နှစ်မြှုပ်ပြီးလုပ်ရာတွင် မိမိကိုယ်မိမိတန်ဖိုးထားမှု၊ အလေးဂရုပြုမှုတို့ တိုးတက်မြင့်မားလာပါသည်။
ဃ) ဆရာ/မများသည် ၎င်းတို့၏တာဝန်တစ်ရပ်ကို စာသင်ခန်းအတွင်း ပေါက်မြောက် အောင်မြင်စွာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။
င) မည်သည့်အမှားမျိုးမှမဆို သင်ယူရန် ကျောင်းသူ/သားများ မိမိကိုယ်ကို ယုံကြည်စိတ်ချပါသည်။

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

## သင်ရိုးပိုင်း ၆ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - အဖွင့်မေးခွန်းနှင့်အပိတ်မေးခွန်း မည်ကဲ့သို့ခြားနားပါသနည်း။ (တစ်ခုရွေးရန်)

က) အဖွင့်မေးခွန်းများကို စီစဉ်ထားရန်မလိုပါ။ အပိတ်မေးခွန်းများကို စီစဉ်ထားရန်လိုပါသည်။

ခ) အဖွင့်မေးခွန်းများကို စာအရဆုံး ကျောင်းသူ/သားများက ဖြေဆိုနိုင်ကြပါသည်။ အပိတ်မေးခွန်းကို စာမရဆုံး ကျောင်းသူ/သားများကသာ ဖြေဆိုနိုင်ကြသည်။

**ဂ) အဖွင့်မေးခွန်းဖြင့် မည်သည့်ကျောင်းသူ/သား၏ အသိပညာနှင့်နားလည်မှုကိုမဆို ပိုမိုနက်နဲစွာစူးစမ်းနိုင်ပါသည်။ အပိတ်မေးခွန်းဖြင့် အပေါ်ယံနားလည်မှုကိုသာ ယေဘုယျအားဖြင့် သိရှိနိုင်ပါသည်။**

ရှင်းလင်းချက် - စာသင်ခန်းတွင်း မေးခွန်းနှစ်မျိုးလုံး အရေးကြီးပါသည်။ ကျောင်းသူ/သားများ၏ အသိပညာနှင့် နားလည်မှုကို သေသေချာချာနှင့် ပိုမိုနက်နဲစွာစူးစမ်းရာတွင် အဖွင့်မေးခွန်းများဖြစ်သည့် 'ဘာကြောင့်'နှင့် 'ဘယ်လို'တို့ကို သုံးနိုင်ပါသည်။ အကြောင်းအရာတစ်ခုကို ဥပမာအားဖြင့် ကျောင်းသူ/သားများ 'အမှန်' (သို့)'အမှား' 'အဖြူ' (သို့) 'အမည်း' ထင်ကြောင်းကို မြန်မြန်ဆန်ဆန်သိရှိရန် အပိတ်မေးခွန်းများသုံးနိုင်ပါသည်။ အပိတ်မေးခွန်းများဖြင့် ကျောင်းသူ/သားများ၏ အသိပညာနှင့်နားလည်မှုကို ဆရာ/မများ အနည်းအကျဉ်းမျှသာ နားလည်နိုင်ပါသည်။

မေးခွန်း ၂ - ကျောင်းသူ/သားများကို မေးခွန်းများကွဲပြားအောင်အဘယ်ကြောင့်ခွဲခြားမေးမြန်းရန်အရေးကြီးပါသနည်း။ (တစ်ခုရွေးရန်)

က) ညီမျှမှု - ကျောင်းသူ/သားအားလုံးကို တစ်ပြေးညီဆက်ဆံသင့်ပါသည်။

ခ) အချို့ကျောင်းသူ/သားများသည် လွယ်ကူသည့် မေးခွန်းများကိုသာ ဖြေဆိုလိုကြပါသည်။

**ဂ) ကျောင်းသူ/သားအားလုံးက မိမိကျွမ်းကျင်မှုလျောက် မေးခွန်းဖြေဆိုနိုင်ရန်ဖြစ်ပါသည်။**

ရှင်းလင်းချက် - ကွဲပြားခွဲခြားသည့်မေးခွန်းများသည် ခေါင်းစဉ်တစ်ခုအတွက် ကျောင်းသူ/သားများအား ၎င်းတို့တစ်ဦးချင်းနှင့် ကိုက်ညီသော အဆင့်ရှိ အသိပညာနှင့်နားလည်မှုကိုပြသစေနိုင်ပါသည်။ မေးခွန်းကလွယ်လွန်းလျှင် ကျောင်းသူ/သားသည် မိမိ၏ကျွမ်းကျင်မှုကို မပြသနိုင်သောကြောင့် စိတ်ဝင်စားတော့မည်မဟုတ်ပါ။ အလားတူစွာ မေးခွန်းက ခက်လွန်းလျှင်လည်း ကျောင်းသူ/သားတို့ မမှီမကမ်းဖြစ်ပြီး မေးခွန်းများကို ဆက်လက်ကြိုးစားဖြေဆိုတော့မည်မဟုတ်ပါ။

မေးခွန်း ၃ - ကောင်းမွန်စွာတုံ့ပြန်ဖြေကြားနိုင်စေရန် အောက်ပါတို့အနက် မည်သည်ကပဓာနကျပါသနည်း။ (နှစ်ခုရွေးပါ)

က) လုပ်ဆောင်ချက်တွင်ကောင်းကောင်းလုပ်နိုင်သည့်အချက်ကိုသာဖြေကြားရန်လိုပါသည်။

**ခ) လုပ်ဆောင်ချက်အပြီး မကြာမီတုံ့ပြန်ဖြေကြားရန်လိုပါသည်။**

**ဂ) လုပ်ဆောင်ချက်အပြီး 'ဘာကို' 'ဘယ်လို'တိုးတက်အောင်လုပ်နိုင်ရေးဖြေကြားပေးပါသည်။**

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by:

ရှင်းလင်းချက် - လုပ်ဆောင်ချက်မည်သည့်အဆင့်တွင်မဆို တုံ့ပြန်ဖြေကြားနိုင်ပါသည်။ သင်ယူစဉ် (သို့) သင်ယူပြီး စစ်ဆေး အကဲဖြတ်ခြင်းဖြစ်နိုင်ပါသည်။ လုပ်ဆောင်ချက်အပြီး မြန်မြန်ဆန်ဆန် တုံ့ပြန်ဖြေကြားခြင်းဖြင့် အဆင်ပြေခဲ့သည့်အရာ၊ ပိုမိုကောင်းမွန်တိုးတက်အောင် လုပ်ရမည့်အရာနှင့် မည်ကဲ့သို့ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်နိုင်ကြောင်း ကျောင်းသူ/သားများ ဖော်ထုတ်နိုင်ပါမည်။ တုံ့ပြန်ဖြေကြားရာတွင် အကောင်းမြင်ပြီး အပြုသဘောဆောင်ရန်လိုအပ်ပါသည်။

မေးခွန်း ၄ - ထိရောက်သောတုံ့ပြန်ဖြေကြားပေးခြင်း၏ အကျိုးကျေးဇူးမှာ အဘယ်နည်း။ (သုံးခုရွေးပါ)

**က) သင်ယူသူသည် မိမိအားလက်ခံကြောင်း၊ မိမိ၏အားထုတ်မှုကို အသိအမှတ်ပြု တန်ဖိုးထားကြောင်း ခံစားရပါသည်။**

ခ) နှစ်အကုန်တွင် ဆရာ/မက တပည့်များအား ရာနှုန်းပြည့်ပေါက်မြောက်အောင်မြင်မှုကို ရစေပါမည်။

**ဂ) လုပ်ဆောင်ချက်ကို စိတ်ခံစားမှုဖြင့်နှစ်မြှုပ်ပြီးလုပ်ရာတွင် မိမိကိုယ်မိမိတန်ဖိုးထားမှု၊ အလေးဂရုပြုမှုတို့ တိုးတက်မြင့်မားလာပါသည်။**

ဃ) ဆရာ/မများသည် ၎င်းတို့၏တာဝန်တစ်ရပ်ကို စာသင်ခန်းအတွင်း ပေါက်မြောက် အောင်မြင်စွာ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**င) မည်သည့်အမှားမျိုးမှမဆို သင်ယူရန် ကျောင်းသူ/သားများ မိမိကိုယ်ကို ယုံကြည်စိတ်ချပါသည်။**

ရှင်းလင်းချက် - ထိရောက်စွာတုံ့ပြန်ဖြေကြားခြင်းဖြင့် ကျောင်းသူ/သားများအား မိမိကိုယ်မိမိ ပိုမိုယုံကြည်လာပြီး တန်ဖိုးထားလာစေပါမည်။ အဆင်ပြေခဲ့သည့်အရာ၊ ပိုမိုကောင်းမွန်တိုးတက်အောင်လုပ်ရမည့်အရာတို့ကို ဖော်ထုတ်ခြင်းဖြင့် တိုးတက်အောင် လုပ်နည်းများကို တိတိကျကျ ဦးတည်စူးစိုက်စေနိုင်ပါမည်။ ဆရာ/မက ကျောင်းသူ/သားများ၏ တိုးတက်မှုကို သေသေချာချာ မှန်မှန်စစ်ဆေးခြင်းဖြင့် တစ်သမတ်တည်း တိုးတက်စေပြီး အမှားများမှလည်း သင်ယူစေနိုင်ပါမည်။

Implemented by:

Funded by: UKaid

Towards Results in Education & English

# ၇. သင်ကြားသင်ယူရေးကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း

## လုပ်ဆောင်ချက် ၆.၁၂ မိမိ၏သင်ကြားရေးအလေ့အကျင့်ကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း (၃၀ မိနစ်)

စောစောပိုင်းက ပြီးခဲ့သည့် လုပ်ဆောင်ချက်အဖြေများကို ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။

အခင်းအကျင်း – ဌာနမှူးက သင်နှင့်တွေ့ဆုံပြီး အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို မည်ကဲ့သို့ ဖန်တီးနေကြောင်း မေးမြန်းလိုပါသည်။ အောက်ပါမေးခွန်းများကို ဌာနမှူးက သင့်ကို သေသေချာချာစဉ်းစားစေပါမည်။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးပါ။

**သင့်အတန်းတွင်းသင်ယူသူတို့အတွက် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်ဖန်တီးရန် မည်သို့လုပ်ဆောင်ပါသနည်း။**

- နေရာကို မည်သို့စီစဉ်ပါမည်နည်း။
- သင်ယူသူတို့စိတ်လုံခြုံပြီးသက်တောင့်သက်သာရှိစေရန် မည်သည့်ပုံမှန်လုပ်ငန်းများ သင် သတ်မှတ်ထားပါသနည်း။

**သင်ခန်းစာအတွင်း သင်ယူသူအားလုံးကို မေးခွန်းမေးပါသလား။**

- အချို့သင်ယူသူများပါဝင်လာစေရန် (သို့) တက်ကြွစွာပါဝင်ဆောင်ရွက်လာစေရန် မည်ကဲ့သို့အားပေးနိုင်ပါမည်နည်း။

**သင်ယူသူအားလုံး တိကျ၊ အချိန်မီ၊ လက်တွေ့ဆောင်ရွက်နိုင်ပြီး လေးလေးစားစားရှိသော တုံ့ပြန်ဖြေကြားမှု ရကြပါသလား။**

- ဥပမာအချို့ ဝေမျှနိုင်ပါသလား။

## လုပ်ဆောင်ချက် ၆.၁၁ မိမိကိုယ်မိမိစစ်ဆေးအကဲခြင်း (၁၀ မိနစ်)

ပြန်လည်သုံးသပ်ချက် - '**ထိရောက်သော တုံ့ပြန်ဖြေကြားမှု**' အသုံးပြုပုံကို မည်မျှနားလည်သည်ဟုထင်ပါသနည်း။ အောက်ပါ စကေးမှ မိမိကို အကောင်းဆုံးဖော်ပြသည့် ကိန်းဂဏန်းတစ်ခုကိုရွေးပါ။ သင်ယူမှုဂျာနယ်တွင်ဖြေဆိုပါ။

| သိပ် နားမလည်ပါ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | ကောင်းကောင်း နားလည်ပါသည် |
|---|---|---|---|---|---|---|---|---|---|---|---|

သင်ရိုးပိုင်းအစနှင့်အဆုံး မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှုရမှတ်ကို **နှိုင်းယှဉ်**ပါ။ ခြားနားချက်ရှိလျှင် သင်ယူမှုဂျာနယ်တွင် ပိုင်းခြားစိတ်ဖြာသုံးသပ်ချက် အတိုတစ်ခုရေးပါ။

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

# မိမိ၏ကျောင်းသူ/သားများအတွက် ဆင့်မကတိ

1. **စီစဉ်ပါ** — စာသင်ခန်းအတွင်း ဤသင်ရိုးပိုင်းမှ မိမိသုံးမည့် အားလုံးအကျုံးဝင် အလေ့အကျင့် အတွေးအမြင်တစ်ခုအကြောင်းကို **စဉ်းစားပါ**။

2. **လုပ်ဆောင်ပါ** — အားလုံးအကျုံးဝင်အလေ့အကျင့်ကို နောက် 'x'အပတ်အတွင်း တိုးတက်အောင်လုပ်မည်ဟု မိမိ၏ကျောင်းသူ/သားများကို **ကတိပေးပါ**။

3. **သုံးသပ်ပါ** — 'x' အပတ်အတွင်း မိမိ၏အတွေးအမြင်များကြောင့် အလေ့အကျင့် တိုးတက်လာခြင်း ရှိမရှိ ကျောင်းသူ/သားနှင့်အတူ **သုံးသပ်အကဲဖြတ်ပါ**။

**သင်ယူမှုဂျာနယ်ရှိ 'ကတိများ'အပိုင်းတွင် သင့်ဆင့်မကတိကိုထပ်ထည့်ပါ။**

**သင်ရိုးပိုင်းတစ်ပိုင်းစီတွင် သင်ယူသူတို့ထံပေးသည့် ကတိတစ်ခုစီရှိပါမည်။ စုစုပေါင်း ကတိ ၁၅ ခု ပေးရပါမည်။**

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

**Funded by:** UKaid



## References

AITSL - Australian Institute for Teaching and School Leadership (2017) - Effective feedback animation
YouTube - https://www.youtube.com/watch?v=LjCzbSLyIwI

Petty,G (2009) 'Evidence based Teaching (2nd edition)'

Implemented by: BRITISH COUNCIL, The Open University, VSO, montrose